
www.dhammaransi.com

ဗုဒ္ဓသာသနာဘာရော အဝဿံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# ဩဘာထွန်းပြန်း

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်း-နတ်တော်၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ အတွဲ (၂၁)၊ အမှတ် (၄)

ဓမ္မစာစောင်



## လယ်တီဆရာတော်ဘုရားကြီး၏ဆုံးမစာ

၁။ ဘုရား၊ တရား၊ သံဃာ၊ ရတနာကို၊ မခြားနေ့ည၊ ရှိခိုးဦးချ။

၂။ သရဏဂုံသုံးပါးစုံကို ခိုလှုံအမြဲ၊ နေ့ညစွဲ။

၃။ သီလငါးပါး၊ လူ့တရားကို၊ မမှားစေမှု အလေးပြု။

၄။ မြွေဆိုး၊ ကျားဆိုး၊ ဘီးလူးဆိုးကို မတိုးဝံ့ငြား၊ ဝေးစွာရှားသို့၊

ငါးပါးသီလမရှိကြသူ၊

လူမသူတော်၊ လူပျက်ချော်ကို၊ အဖော်မပြု၊ ဝေးစေမှု

၅။ နေပေါ်မှု၊ ကုသိုလ်ပေါ်ရာ၊ ပညာမပါငြား၊ ပေါ်သုံးပါးကို၊ မနားမနေ ကြိုးစားလေ။



www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- ♦ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ♦ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ♦ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

www.dhammaransi.com

# သာထွန်းပြန့် ဓမ္မစာစောင်

ဗုဒ္ဓသာသနဘာရော အာဒ ဃံဓပကြိတဗ္ဗော

ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ယွင်းဆောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၄)၊ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်း - နတ်တော်၊
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၀၃၁၅၁
ရက်စွဲ ၁၈.၁၂.၁၅

**နာယကကြီးများ**

ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)
တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**မရ (ဖိ) အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ ဓမ္မရဝေတောရဆရာတော်ဘဒ္ဒန္တရာဇိန္ဒ၏
သြဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"နတ်တော်လ စာဆိုတော်ဂုဏ်ပြုပွဲ"

၇ စာတည်းအာဘော်
"ပညာတတ်ရဟန်းသံဃာများ ကျေးရွာ အမျိုးဘာသာ သာသနာတည်တံ့ဖွံ့ဖြိုးရေး အထူးအလေးပေး ဆောင်ရွက်ကြပါ"

၉ မြန်မာဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားခြင်းဥပဒေ

၁၇ ငြိမ်းချမ်းစရာရွှေမေတ္တာ — ဖျာပုံ - တင်နိုင်ဝင်း

၁၈ အိုနာသေပွဲဝင်ရဲသူ — မိုးနန္ဒာ(ခန္တီးမြေ)

၁၉ ခြားနားချက် — ဗိုလ်တုံး(ချင်း)

www.dhammaransi.com


၂၀ မိလိန္ဒပဉှာ

၂၁ ရဟန်းကောင်း ရဟန်းမြတ်တို့၏တာဝန် — ဓမ္မဝီရ

၂၅ နှစ်ဖက်မြင်သာသနာပြုနည်း — ရှင်ဇော (မန်းတက္ကသိုလ်)

၂၈ အကျိုးနှင့်အပြစ် — မောင်သာ(ဒဿန)

၃၁ လင်ကိုပြစ်မှားကျိန်ဆဲသူ
ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

၃၉ ရောဂါဘယကင်းဝေးဖို့ ရတနသုတ်ကိုရွတ်ကြပါစို့ — နိုင်ကြည်မြင့်

၄၂ အသည်းအသက်ကိုရင်း၍ — ပြည့်သခင်

၄၆ ကျန်းမာနေ၍ လုပသည်(၁) — တက္ကသိုလ် - လုမောင် (ရေတာရှည်)

၅၀ မွန်မြတ်သောသီလ — ဖျာပုံ - သိန်းသန်းအောင်

၅၂ ရင်နှစ်သည်းခြာ အလိမ္မာကဗျာ — ဖူးပွင့်ဝေ

၅၅ ချမ်းမြေ့ပြည့်စုံသောဘဝ — ဦးအောင်သိန်းညွန့်
Perfect Way of Living
**Trans: by U Aung Thein Nyunt**

၅၈ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း — လမင်း






**သာထွန်းပြန့် ဓမ္မစာစောင် ရုံးအဖွဲ့**


ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြ - ၀၁၁၀၄)
ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။

www.dhammaransi.com





## ဓမ္မရဝေတောရဆရာတော်

# ဘဒ္ဒန္တရာဇိန္ဒ

၏

# ဩဝါဒကထာ

- လောကကို မေတ္တာဖြင့် ဖွဲ့စည်းထားသောအခါ လောကသည် သိပ်သည်း၏
- လောကကို ဒေါသဖြင့် ဖွဲ့စည်းလျှင် လောကသည် ဖရိုဖရဲဖြစ်၏။
- ထို့ကြောင့် လောက မပြိုကွဲစေရေးအတွက် မေတ္တာကို လိုအပ်၏။ လောက သိပ်သည်းခြင်းဆိုသည်မှာ ငြိမ်းချမ်းခြင်းဖြစ်၍ လောကဖရိုဖရဲ ပြိုကွဲခြင်းဆိုသည်မှာ ဆူပွက်ခြင်းဖြစ်၏။
- မေတ္တာထားမှုအားကောင်းလေ၊ လောကသည်ငြိမ်းချမ်းလေဖြစ်၏။
- တစ်ဦးက တစ်ဦးအပေါ် ချစ်နိုင်လေ လောကသည် သာယာလေ ဖြစ်၏။ လောကသာယာလေ လောက၌ လူဖြစ်ရကျိုးနပ်လေဖြစ်၏။

www.dhammaransi.com



# နတ်တော်လ စာဆိုတော်နေ့ဂုဏ်ပြုပွဲ

မြန်မာ့ရိုးရာဆယ့်နှစ်လအနက် နတ်တော်လသည် နဝမမြောက်လဖြစ်ပြီး ရာသီပန်းမှာ ဂမုန်းပန်းနှင့် သဇင်ပန်းတို့ဖြစ်ပါသည်။ နတ်တော်လနှင့်ဆိုင်သော ပွဲတော်မှာ ရှေးခေတ်က နတ်ပွဲများဖြစ်ပြီး ယခုခေတ်တွင် စာဆိုတော်ဂုဏ်ပြုပွဲများဖြစ်ပါသည်။ နတ်တော်လရောက်တိုင်း အကျိုးပြုစာပေများကို ရေးသားပြုစုခဲ့ကြသော စာဆိုတော်ကြီးများကို ဂုဏ်ပြုသည့် စာဆိုတော်ပွဲများကျင်းပလျက်ရှိကြပြီး နတ်တော်လကိုလည်း စာဆိုတော်လအဖြစ် အသိအမှတ်ပြုထားကြပါသည်။

မြန်မာသက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် သီပေါမင်းပါတော်မူပြီးနောက် မြန်မာနိုင်ငံကို ဗြိတိသျှတို့ အနှစ်(၆၀)ကျော် အုပ်စိုးခဲ့ပါသည်။ ဗြိတိသျှတို့အုပ်စိုးခဲ့သည် ကာလအတွင်း လောကီ၊ လောကုတ္တရာစာဆိုတော်ကြီးများအသီးသီး ပေါ်ထွန်းခဲ့သည့်အနက် လယ်တီဆရာတော်ဘုရားကြီးသည် သာသနာတော်အတွက် ထူးထူးခြားခြားစွမ်းစွမ်းတမံ ဆောင်ရွက်လမ်းညွှန်သွားခဲ့သော ဓမ္မစာဆိုတော်ကြီးတစ်ပါးဖြစ်ပါသည်။

လယ်တီဆရာတော်ကြီးသည် သာမန်လူတို့မသိနိုင်၊ မဖတ်နိုင်သော ပါဠိဘာသာဖြင့်ရှိနေသော လူသားအားလုံး သိသင့်သော လောကီ၊ လောကုတ်ကျင့်စဉ်များ အထူးသဖြင့် (လောကုတ္တရာကျင့်စဉ်များ) ပါဝင်သောအရာများ၊ ကျင့်စဉ်များကို မြန်မာသက်သက်ဖြင့် ဒီပနီကျမ်းများရေးသားထုတ်ဝေခဲ့၍ ဗုဒ္ဓဘာသာဝင်အများစု အကျိုးရှိခဲ့သလို ထိုဒီပနီများကို အင်္ဂလိပ်ဘာသာပြန်ဆိုဖြန့်ဝေသဖြင့် နိုင်ငံခြားသို့လည်း ဗုဒ္ဓသာသနာများ ပြန့်ပွားခဲ့ရသော အကျိုးများရရှိခဲ့ပါသည်။

အရေးကောင်း၊ အဟောကောင်း၊ အကျင့်ကောင်း စာတတ်၊ ပေတတ်၊ ပိဋကတ်ပါရဂူပုဂ္ဂိုလ်ကျော်ကြီးတစ်ပါးလည်းဖြစ်ပြီး မြန်မာတစ်ပြည်လုံးနှားသားရှောင်ကြဉ်ရေး လှုံ့ဆော်ဟောကြားသွားသော ဂရုဏာရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်ပါသည်။

www.dhammaransi.com



သံနိပ်အသင်းများတည်ထောင်ပြီး အဘိဓမ္မာသာသနာပြန့်ပွားအောင် ဆောင်ရွက်သွားသည့် ဓမ္မစာဆိုတော်ကြီးလည်းဖြစ်ပါသည်။ ဒီပနီအမျိုးမျိုး၊ ကျမ်းစာအမျိုးမျိုး၊ ဆုံးမစာအမျိုးမျိုး ရေးသားပြုစုသွားသော ပရဟိတလမ်းညွှန် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာကိုလေးစားကော်ရော်ပူဇော်သောအားဖြင့် ဆရာတော်ကြီး၏ဆုံးမစာ၊ ဩဝါဒ၊ ကဗျာများကို ရွတ်ဖတ်ကြပြီး စာဆိုတော်နေ့များတွင် ဆရာတော်ကြီးကို ဂုဏ်ပြုပူဇော်ကြပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမစာမှာ-

၁။ ဘုရား၊ တရား၊ သံဃာ၊ ရတနာကို၊ မခြားနေ့ည၊ ရှိခိုးဦးချ။

၂။ သရဏဂုံသုံးပါးစုံကို နိလုံ့အမြဲ၊ နေ့ညစွဲ။

၃။ သီလငါးပါး၊ လူ့တရားကို၊ မမှားစေမူ အလေးပြု။

၄။ မြွေဆိုး၊ ကျားဆိုး၊ ဘီလူးဆိုးကို မတိုးဝံ့ငြား၊ ဝေးစွာရှားသို့၊ ငါးပါးသီလမရှိကြသူ၊ လူမသူတော်၊ လူပျက်ချော်ကို၊ အဖော်မပြု၊ ဝေးစေမူ။

၅။ ဓနပေါမူ၊ ကုသိုလ်ပေါရာ၊ ပညာမပါငြား၊ ပေါသုံးပါးကို၊ မနားမနေ၊ ကြိုးစားလေ။

လယ်တီဆရာတော်ဘုရားကြီးကို ၁၂၀၈-ခု၊ နတ်တော်လဆန်း(၁၃)ရက်၊ အင်္ဂါနေ့တွင် စိုင်ပြင်ကြီးရွာ၊ ဒီပဲရင်းမြို့၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မွေးဖွားခဲ့ပြီး ၁၂၈၅-ခု၊ ပထမဝါဆိုလပြည့်နေ့တွင် ပျဉ်းမနားမြို့၌ ပျံလွန်တော်မူခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၉၀-ကျော်သွားသော်လည်း ဆရာတော်ကြီး၏ ဆုံးမစာများသည် ရဟန်းရှင်လူတို့၏ နှုတ်ဖျားတွင် ယနေ့တိုင် ရွတ်ဆဲ၊ ဖတ်ဆဲ၊ အသုံးပြုဆဲ ဖြစ်ပါကြောင်း သည်တစ်ပတ်၏မျက်နှာဖုံးပုံရိပ်အဖြစ် တင်ပြလိုက်ရပါသည်။

www.dhammaransi.com





မြစ်ချောင်းထဲမှ ရေများကို မြစ်ချောင်းများက ပြန်မသောက်သုံး မြစ်ချောင်းနားဘေးမှ လူများသာ သောက်သုံးကြတယ်။

- ကြီးထွားလာသမျှသော သစ်ပင်များကို သစ်ပင်များက ပြန်မစားကြ၊ သတ္တဝါများကသာ စားသုံးကြတယ်။
- နွားမသည် မိမိနို့ကို ပြန်မသောက်၊ လူများကသာ သောက်သုံးကြတယ်။
- နွားထီးများကလည်း ပုခုံးပေါက်သည်အထိ ဆန်စပါးရအောင် ကုန်းရုံးလုပ်ပေးပေမဲ့ ဒါတွေကို လူတွေကပင် စားသုံးကြတယ်။
- ဉာဏ်နှင့်ယှဉ်အသိမရှိကြတဲ့ သစ်ပင်မြစ်ချောင်း-နို့စားနွားမကောင်း ဆန်စပါးပေးတဲ့ နွားထီးကောင်းများကပင် ဤမျှလောကအကျိုးကို ဆောင်ရွက်နိုင်ကြသေးလျှင် အသိဉာဏ် ရှိသော လူသားများသည် ထိုမျှမက သတ္တလောကအကျိုးကို ဆောင်ရွက်သင့်တယ်။ အဲဒီလို သူတစ်ပါးအကျိုး သတ္တလောကရဲ့အကျိုးစီးပွားတွေကို ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓါတ်မျိုး မွေးမြူနိုင်ကြပါစေ....

ဟူ၍ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက တရားပွဲတစ်ခု၌ ဩဝါဒပေးသွားခဲ့ပါသည်။

ယနေ့အမျိုးဘာသာ သာသနာအကျိုးကို သည်ပိုးဆောင်ရွက်နေကြသော ရဟန်းတော်များသည် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)မှ စတုတ္ထနှစ်အောင်ပြီး ရဟန်းတော်များ သည် ဘွဲ့မယူခင်-ဘွဲ့ယူအကြိုလက်တွေ့သင်တန်းဆင်းသည့်အနေဖြင့် လူတွင်ဆရာအတတ် သင်တက်ကြရသော မူလတန်းဆရာအတတ်သင်၊ အလယ်တန်းဆရာအတတ်သင်၊ အထက်တန်း ဆရာအတတ်သင် တက်ရောက်ရသော ဆရာ၊ ဆရာမများသည် ကျောင်းများ တွင် လက်တွေ့ကွင်းဆင်းသင်ကြားမှုပြုကာ သင်ကြားမှု ကောင်းမကောင်း အမှတ်ယူရသလို လက်တွေ့သင်တန်းဆင်းအမှတ်ပေးစနစ်အရ (၂)နှစ်သာသနာပြုကွင်းကြရသည်။ ထို(၂)နှစ် သာသနာပြုလက်တွေ့သင်တန်းဆင်းအောင်မှ သာသနတက္ကသီလဓမ္မာစရိယ(B.A Budddhism)သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A Buddhism)ဘွဲ့ကို ချီးမြှင့်ပေးပါသည်။

www.dhammaransi.com



ထို(၂)နှစ်သာသနာပြုသင်တန်းဆင်း ပညာတတ်ရဟန်းတော်များသည် ဘွဲ့ယူပြီး သောအခါ မြန်မာပြည်အနှံ့ရှိ ကျေးလက်ဒေသရှိ ရွာ-ရပ်ကွက်များသို့ဆင်း၍ သာသနာ မပြုတော့ဘဲ မြို့မှာပဲ အခြေအနေသင့်သလို နေနေကြသည်။ သို့အတွက် ကျေးလက်ဒေသ အများအပြားရှိ ရွာထိပ်ဦးကျောင်း၌ ပညာတတ်ဘုန်းကြီးမရှိ ဖြစ်ရသည်။ ရပ်ရွာဒကာ ဒကာမများက ပညာတတ်-စာတတ် အကျင့်ကောင်းရဟန်းသံဃာတော်များ ရွာထိပ်မှာ ကျောင်းထိုင်ပြီး လူကြီးများကို သွန်သင်ဆုံးမ တရားဟော ကလေးသူငယ်များကို ခေတ်နှင့် အညီ စာသင်စေ-ယဉ်ကျေးမှု အမွေအနှစ်သင်ပေး ရှေးကကဲ့သို့ ဦးဆောင်စေချင်သည်။

ယနေ့ရပ်ရွာ ရပ်မိ ရပ်ဖများသည် ထိုကဲ့သို့သော ပညာတတ်ရှေ့ဆောင်လမ်းပြရဟန်း သံဃာမရကြသဖြင့် သာရေး-နာရေးလုပ်ပေးလျှင်ပြီးရောဆိုသည့်သဘောဖြင့် စာမတတ် ပေမတတ် တောထွက်ရဟန်းများကိုသာ ကျောင်းအပ်ပြီးကိုးကွယ်နေကြရသည်။ ထိုတောထွက် ရဟန်းတို့က ကျောင်းပစ္စည်းများရောင်းချ စီးပွားလုပ်ပြီး ချဲဒိုင်ကိုင်ကြ... ရပ်ရွာရှိ ထိုကဲ့သို့ သော အုပ်စုဒကာများနှင့်ပေါင်းကြ လုပ်ကြသဖြင့် ရပ်ရွာ၌ အုပ်စုကွဲ ကျောင်းကွဲ-ဒကာကွဲ ဖြစ်လာကြသည်။ အရက်သမား ဒုစရိုက်သမားများ ချဲသမားများ ခိုးဆိုးသူများ ရပ်ရွာမှ ပေါ်ထွက်လာနေရသည်။

အလားတူ ပထမကြီးအောင် ဓမ္မာစရိယအောင်ရဟန်းသံဃာ(၂)သိန်းကျော်မျှရှိသည်။ ထိုပညာတတ်ရဟန်းသံဃာတို့ကလည်း တောရွာမဆင်း မြို့မှာပင် သင့်သလိုနေကြသည်။ သို့အတွက် မြန်မာပြည်ရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်သည် အနှစ်မထင် အကာဝင်နေကြ၍ အခြေခံကျေးလက်သာသနာဆုတ်ယုတ်နေကြရပါသည်။

ထိုအခြေအနေကို တာဝန်ရှိသံဃာအဖွဲ့အစည်းအဆင့်ဆင့်တို့သည် ကျေးလက်ရပ်ရွာ သာသနာအခြေခိုင်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်စဉ်းစားလုပ်ဆောင်ကြဖို့ အချိန်တန်နေပါပြီ။

မြတ်စွာဘုရားက ဆယ်ဝါပြည့်တင်း ဝိဘင်းနှစ်ဖြာ ကမ္မာကမ္မ-ခန္ဓကပုဒ် နှာမ်ရပ်နိုင်နိုင် ဟောပြနိုင် ကျောင်းထိုင်ငါးအင်္ဂါ ဟုသတ်မှတ်ထားခဲ့ရာ ထိုအင်္ဂါမညီသော ပုဂ္ဂိုလ်များ ကျေးရွာများ၌ ကျောင်းထိုင်မှုကို ဖယ်ရှား၍ သံဃာအဖွဲ့အစည်းအဆင့်ဆင့်အလိုက် ကြီးကြပ်ရွေးချယ်မှုဖြင့် ကျောင်းထိုင်မှုများ ကျောင်းအပ်မှုများကို ပြုလုပ်သင့်၍ အချိန်တန်နေပြီဖြစ်ကြောင်း ရေးသား တိုက်တွန်းအပ်ပါသည်။

အခြေခံကျောင်းရွာ သာသနာတည်ရေး-သာသနာအခြေအမြစ် ခိုင်မာရေးအတွက် ပညာတတ်ရဟန်းသံဃာများ ကျေးလက်မှာ ကျောင်းထိုင်ပြီး အမျိုးဘာသာ သာသနာအကျိုး သည်းပိုးနိုင်ကြပါစေ။

အယ်ဒီတာ

www.dhammaransi.com



# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယခင်လမှအဆက်

## အခန်း(၄)

## ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ား လိုက်နာရမည့်အချက်များ

၁၉။ ဤဥပဒေအရ ထိမ်းမြားခဲ့သည် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်း ခံရသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍-

(က) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမအား ၎င်းသက်ဝင်ယုံကြည်သည့်ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့်ရရှိသည့်သားသမီးများအား ၎င်းတို့ သဘောဆန္ဒအတိုင်း သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြု ရမည်။

(ဂ) လင်နှင့်မယားတို့ နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓ ဘာသာရဟန်းသံဃာပုံတော်များ၊ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ထားရှိခွင့်၊ ကိုးကွယ်ခွင့်ပြုရမည်။

(ဃ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားဓမ္မနှင့် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရား ထိုင်ခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေများ၊ ကျမ်းဂန်များထားရှိလေ့လာဖတ်ရှု ခြင်း၊ ကြည့်ရှုခြင်း၊ နာကြားခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်ရွက်မှု တို့ကို ခွင့်ပြုရမည်။

(င) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမ၏ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာတစ်မျိုးမျိုးသို့ ဖြစ်စေ ကူးပြောင်းကိုးကွယ်စေမှုမပြုရ

(စ) ဗုဒ္ဓဘာသာကို စော်ကားရန်အကြံဖြင့် မိန်းမကိုးကွယ်ဝတ်ပြုသော နေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကို

www.dhammaransi.com



သော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန် မပြုရ။

(ဆ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ဘာသာရေး သက်ဝင်ယုံကြည်မှုကို စကားဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့် ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ စော်ကားခြင်း မပြုရ။

(ဇ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမကွယ်လွန်သည့်အခါ ၎င်းအားဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းစဉ်လာအရ ဆောင်ရွက်သင်္ဂြိုဟ်ခြင်းကို ခွင့်ပြုရမည်။

၂၀။ အခြားတည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက မည်သို့ပင်ဆိုစေကာမူ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာ ဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုမိန်းမက ထိုယောကျ်ားကို ကွာရှင်းလျှင်-

(က) ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ မိမိ၏အစုကို စွန့်လွှတ်ရမည့်အပြင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမအား ဆုံးရှုံးနစ်နာမှု အတွက် လျော်ကြေးပေးရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံးကို အုပ်ထိန်းခွင့် ရှိရမည်။

(ဂ) ထိုယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ် ပေးရမည်။

## အခန်း(၅)

## ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟု မှတ်ယူရခြင်း

၂၁။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန် ကတိပြုလျှင် ထိုယောကျ်ားသည် ထိုမိန်းမကို ဤဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၂။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ တစ်ဦးတို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင်-

www.dhammaransi.com



(က) ထိုသူတို့သည် ထိုသို့ ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်အပြင် ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟု လည်း မှတ်ယူရမည်။

(ခ) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်ကာလတွင်မဆို ဤဥပဒေအရတစ်ဦးဦးက ထိမ်းမြားမှုသက်သေခံ လက်မှတ်ထုတ်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၄ အရ ထိုသူတို့ကို မိမိက ထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်သည်။

## အခန်း(၆)
## မှတ်ပုံတင်အရာရှိက ထိမ်းမြားပေးခြင်း

၂၃။(က) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့သည် ဤဥပဒေအရ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင် မိန်းမနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ မိန်းမ သို့မဟုတ် ၎င်း၏မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးတစ်ဦးဦးက ထိုအကြောင်းကို သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည် သတင်းပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ထိုးစေရမည်။

(ခ) မှတ်ပုံတင်အရာရှိသည်-

(၁) ပုဒ်မခွဲ(က)အရ သတင်းပေးချက်ကို ရရှိသည့်အခါသတင်းပေးချက်ကို ရေးမှတ်ပြီး သတင်းပေးသူအား လက်မှတ်ရေးထိုးစေခြင်း၊ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ကို သတ်မှတ်သည့် နေ့ရက်တွင် လာရောက်ရန် ဆင့်ခေါ်ရမည်။

(၂) ပုဒ်မခွဲငယ်(၁)အရ ဆင့်ခေါ်ခံရသူနှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန်ဆန္ဒရှိပါက ပုဒ်မ ၁၄ ပါနည်းလမ်းအတိုင်း ထိမ်းမြားပေးပြီး ပုဒ်မ ၁၅ နှင့် ၁၆ တို့နှင့်အညီ ဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲငယ်(၁)အရ ဆင့်ခေါ်ခြင်းခံရသူ တစ်ဦးက ဖြစ်စေ၊ နှစ်ဦးလုံးက ဖြစ်စေ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ဆန္ဒမရှိလျှင် သို့မဟုတ် လာရောက်ခြင်း မရှိလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ သတင်းပေးချက်နှင့်အတူ အစီရင်ခံစာ

www.dhammaransi.com



ပေးပို့ရမည်။

(ဂ) အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ တရားရုံးသည် အစီရင်ခံစာကို ရရှိသောအခါ နည်းလမ်းတကျ စွဲဆိုသည့် တရားမအထွေထွေမှု ဖြစ်ဘိသကဲ့သို့ နှစ်ဖက်အမှုသည်များကို လည်းကောင်း၊ ၎င်းတို့တင်ပြထားသည့် သက်သေခံချက်ကိုလည်းကောင်း စစ်ဆေးကြားနာပြီးနောက် ထိုသူတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရမည်။ စရိတ်နှင့်စပ်လျဉ်း၍ တရားရုံးကသင့်သည် ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)အရ ပေါင်းဖက်လျက်ရှိသူ-

(၁) တစ်ဦးဦးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် မှတ်ပုံတင်လိုသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူအား တရားပြိုင်ဟူ၍လည်းကောင်း မှတ်ယူရမည်။

(၂) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့် အမှုတွင် သတင်းပေးသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးအား တရားပြိုင်များ ဟူ၍လည်းကောင်း မှတ်ယူရမည်။

(င) တရားရုံးသည် အမိန့်မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းပေးပို့ရမည်။

(စ) တရားရုံးက ထိုယောကျ်ားနှင့် မိန်းမတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးအမိန့်အတိုင်း ထိမ်းမြားမှုသက်သေခံ မှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသွင်း၍ လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဆ) မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။

## အခန်း(၇)

## ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အိမ်ထောင်ရေးကိစ္စများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ခြင်း

၂၄။ ဤဥပဒေအရ ထိမ်းမြားသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့နှင့် ၎င်းတို့၏ တရားဝင်လင်၊ တရားဝင်မယားနှင့် မတရားဝင် သားသမီး

www.dhammaransi.com



အားလုံး၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့် အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်။

၂၅။ လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှုနှင့် သားသမီးထိန်းသိမ်းမှုတို့နှင့် သက်ဆိုင်သည့် မြန်မာဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထိမ်းမြားကြသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ် အာဏာသက်ရောက်ရမည်။

၂၆။ ဟိန္ဒူဘာသာ၊ ဆစ်(ခ်)ဘာသာ၊ ဂျိန္နဘာသာ တစ်ရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် မိသားစုဝင်ယောက်ျားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှ ခွဲခွာခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့် ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့်သားသမီးများသို့ သက်ရောက်ရမည်။

၂၇။ ဘာသာရေး ဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားတစ်ဦးအား မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့်လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောက်ျားက မိန်းမကို ကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက်ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် သို့မဟုတ် အကြမ်းဖက်မှုပြုလျှင် အဆိုပါ ဘာသာရေးဓလေ့ထုံးတမ်း သို့မဟုတ် ဥပဒေက မည်သို့ပင်ဆိုစေကာမူ-

(က) ယောက်ျားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမသည် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(ဂ) ယောက်ျားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၂၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သော နိုင်ငံသားမိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောက်ျားနှင့် လင်မယားအဖြစ် ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့

www.dhammaransi.com



ကူးပြောင်းကိုးကွယ်လျှင် ၄င်းတို့သည် ဤဥပဒေအရ ထိမ်းမြားဘိသကဲ့သို့ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များသည် ၄င်းတို့နှင့်သက်ဆိုင်ရမည်။

၂၉။ မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်အခါ ယောကျ်ား၏ ဘာသာရေးဓလေ့ထုံးတမ်း တစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ယောကျ်ားအား ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားသို့မဟုတ် မိန်းမကကွာရှင်းလိုလျှင် ဗုဒ္ဓဘာသာသို့ ထိုမိန်းမကူးပြောင်း ကိုးကွယ်သည့် ကာလအပိုင်းအခြားအတွင်း ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် -

(က) ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် -

(၁) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမနေထိုင်ရသည့် အတန်းစားအခြေအနေအောက် မလျော့သော အခြေအနေတွင် ဆက်လက်နေထိုင်နိုင်သည့် လုံလောက်သော လစဉ်စရိတ်ကို မိန်းမက နောက်ထပ်ထိမ်းမြားခြင်းမပြုသမျှ ကာလပတ်လုံး ယောကျ်ားက မိန်မအား ပေးရမည်။

(၂) မိန်းမသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမ တစ်ဦးတည်းပိုင်ဖြစ်သောပစ္စည်းအားလုံးကို မိန်းမက ရခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက ယောကျ်ားတစ်ဦးတည်းပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမကရခွင့်မရှိစေရ။

(၃) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(၄) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

(ခ) မိန်းမက ယောကျ်ားကို ကွာရှင်းလျှင် -

(၁) မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီ မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတစ်ပါး ယောကျ်ားတစ်ဦးတည်းပိုင်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမက ရခွင့်မရှိစေရ။

(၂) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံးအုပ်ထိန်းခွင့်ကို ရရှိရမည်။

www.dhammaransi.com



(၃) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၀။ ပုဒ်မ ၂၅ မှ ပုဒ်မ ၂၉ အထိ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ၎င်း၏ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတို့ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ သို့မဟုတ် အကြမ်းဖက်မှုပြုသည့်ကိစ္စအားလုံးတို့နှင့် သက်ဆိုင်ရမည်။

၃၁။ ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားသည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူနှစ်ဦးမှ မွေးဖွားသော သားသမီးများသည် တရားဝင်သားသမီးများဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း(၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၃ အရ ကန့်ကွက်ခြင်းကို သဘောရိုးဖြင့် ပြုလုပ်ခြင်း မဟုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၃၃။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခံခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၄။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (င)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၅။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)နှင့် ပုဒ်မခွဲ (ဇ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်

www.dhammaransi.com



ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ့်ငါးသိန်း ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၆ ပါ လျှောက်လွှာပုံစံတွင် မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ကို သော်လည်းကောင်း၊ ထိမ်မြားမှုသက်သေခံလက်မှတ်ကိုသော်လည်း ကောင်း ပြုလုပ်ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၃၇။ မည်သည့် မှတ်ပုံတင်အရာရှိမဆို ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ဆန့်ကျင်၍ ထိမ်းမြားပေး ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုအရာရှိကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

## အခန်း(၉)

## အထွေထွေ

၃၈။ ဤဥပဒေပါ ပုဒ်မ ၃၃ မှ ၃၇ အထိ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၉။ ၁၉၅၄-ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၄-ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

www.dhammaransi.com





# ငြိမ်းချမ်းစေရာ ရွှေမေတ္တာ

* ချမ်းသာပါစေ
မေတ္တာဝေတော့
မွဲတေဆင်းရဲ၊ ကိုယ်နဲ့လွဲ။

* ကျန်းမာဖို့ရာ
ရွှေမေတ္တာကြောင့်
ရောဂါကင်းရှင်း၊ ကိုယ်နှံ့သင်း။

* ဒေါသငြိမ်းဖို့
မေတ္တာပို့တော့
ကိုယ့်ဆီပြန်လာ၊ ရွှေမေတ္တာ။


စေတနာထား
မေတ္တာပွားတော့
ရန်ရှားဘေးပ၊ ချမ်းသာရ။

* ထို့ကြောင့်သာလျှင်
နေ့စဉ်ညတိုင်း၊ ဖင့်မဆိုင်းဘဲ
ခြုံသိုင်းမေတ္တာ၊ ပို့သပါ၊
သူရောကိုယ်ပါ၊ စိတ်ချမ်းသာ၊
တစ်လောကလုံး ငြိမ်းချမ်းမှာ။

**ဖျာပုံ–တင်နိုင်ဝင်း**

www.dhammaransi.com





# အို, နာ, သေပွဲ ဝင်ရဲသူ

ဇာတိရလာ၊ တို့သူငါတို့
အိုမှာမလွဲ၊ အမှန်ပဲမို့၊
အိုရဲအောင်တော့ ပြင်ထားပါ.....။

ဇာတိရလာ၊ တို့သူငါတို့
နာမှာမလွဲ၊ အမှန်ပဲမို့
နာရဲအောင်တော့ ပြင်ထားပါ.....။

ဇာတိရလာ၊ တို့သူငါတို့
သေမှာမလွဲ၊ အမှန်ပဲမို့
သေရဲအောင်တော့ ပြင်ထားပါ.....။

လူဖြစ်လာကြ၊ လူ့ဘဝကား
အိုရ, နာရ၊ ခွဲခွါရနှင့်
သေရမည်မှာမလွဲပါ.....။

ထိုခါရှေ့ရေး၊ မြော်မြင်တွေး၍
အိုရေးကိုလည်း ကြိုတင်၊
နာရေးကိုလည်း ကြိုတင်၊
သေရေးကိုလည်း ကြိုတင်လို့...

အသိမှန်ကို ပွားစေတဲ့၊
သတိပဋ္ဌာန်တရားအမြင်၊
အသိကပ်ကာ ပွားရတဲ့၊
ဝိပဿနာတရားတို့ကို၊
ကြိုးစားလို့ဆင်ခြင်ကာ၊
နေရေးကို ပြင်ဆင်ကာ ထားနိုင်ပါမှ
အိုပွဲ - နာပွဲ၊ သေမည့်ပွဲကို
ရဲရဲဝင်နိုင်ပေမည်တကား.....။

မိုးနန္ဒာ ( ခန္တီးမြေ )

www.dhammaransi.com



# ခြားနားချက်



* ရှေးကမင်းကောင်း ဘုရားလောင်းတို့
တစ်ချောင်းဆံဖြူ တွေ့ရှိမှုကား
ဉာဏ်ယှဉ်သံဝေဂ တောထွက်ကြ၍
တပသရဟန်း မြတ်သင်္ကန်းနှင့်
ဈာန်လမ်းကိုလျှောက် မဂ်လမ်းပေါက်အောင်
တထောက်မနား လွန်ကြိုးစားလျက်
မဂ်သွားဖိုလ်ဝင် နိဗ္ဗာန်မြင်လိမ့်
မဂ်ဖိုလ်မထင် ဈာန်လမ်းဝင်မှု
ကြည်လင်သာယာ ဗြဟ္မရွာတည်း
မဂ်ဖိုလ်မထင် ဈာန်မဝင်လည်း
ပယ်ခွင်လွဲကာ လူနတ်ရွာသို့
သေချာမဖောက် ရောက်လိမ့်တည်း။

* တစ်ကောင်လုံးဖြူ ဤခေတ်လူကား
အဖြူပျောက်ဆေး သုတ်လိမ်းပေးကာ
ရုပ်ထွေးရစ်ပတ် ကာမဓာတ်နှိုက်
မပြတ်ပျော်မြူး ဘဝကူးသော်
မည်တူးနိဗ္ဗာန် မဝင်စံနိုင်
ထက်ဈာန်ဗြဟ္မာ မကပ်သာဘူး
နတ်ရွာလူပြည် (ပြေ) လမ်းပျောက်ချေ၍
လေးထွေသချာ အပါယ်ရွာ၌
နေရာ အိမ်ခြေတိုးလိမ့်တည်း။

မိုလ်တုံး ( ချင်း )

www.dhammaransi.com



# မိလိန္ဒပဥှာ

## သံသရာဟူသည် အဘယ်နည်း

"အရှင်နာဂသေနဘုရား၊ သံသရာဟူသည် အဘယ်ပါနည်း"

"မင်းမြတ်၊ ဤအရပ်၊ ဤဘုံ၌ မွေးဖွား၍ သေဆုံးပြီးလျှင် အခြားအရပ်၊ အခြားဘုံ၌ မွေးဖွား၍ သေဆုံး၏။ ထိုမှတစ်ဖန် အခြားအရပ် အခြားဘုံ၌ မွေးဖွားပြန်၏။ ဤသည်ပင်လျှင် သံသရာပေတည်း"

"အရှင်ဘုရား၊ ဥပမာပြုတော်မူပါဦး"

"မင်းမြတ်၊ ယောကျ်ား တစ်ယောက်သည် သရက်သီးကို စားကာ သရက်စေ့ကို စိုက်ပျိုးရာ၏။ ထိုသရက်စေ့မှ အပင်ပေါက်ကာ အသီးသီးလာ၏။ ထိုအသီးမှည့်ကို စားကာ အစေ့ကို စိုက်ပျိုးပြန်ရာ၏။ ထိုအစေ့မှ အပင်ပေါက်ကာ အသီးသီးပြန်ရာ၏။ ဤသို့ ဆက်ကာဆက်ကာ စိုက်ပျိုးလတ်သော် သရက်ပင်တို့၏ အဆုံးကို မမြင်နိုင်ပေ။ မင်းမြတ် ဤအတူသာပင် ဘဝမဆုံးနိုင်အောင် ကျင်လည်နေခြင်းသည် သံသရာပေတည်း"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

## ကြာမြင့်စွာ ပြုခဲ့ပြီးသည်ကို အဘယ်တရားဖြင့် အောက်မေ့သနည်း

"အရှင်နာဂသေနဘုရား၊ ကြာမြင့်ခဲ့ပြီ ဖြစ်သော အတိတ်ကာလတုန်းက ပြုလုပ်ခဲ့သော ကိစ္စကို အဘယ်တရားဖြင့် အောက်မေ့နိုင်ပါသနည်း"

"မင်းမြတ်၊ သတိဖြင့် အောက်မေ့နိုင်ပေ၏။"

"အရှင်ဘုရား၊ စိတ်ဖြင့်သာ အောက်မေ့နိုင်သည်မဟုတ်ပါလော"

"မင်းမြတ်၊ သင်မင်းမြတ်သည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကို ပြုလုပ်ပြီးနောက် မေ့လျော့ခဲ့ဖူးသလော"

"အရှင်ဘုရား၊ မေ့လျော့ခဲ့ဖူးပါ၏"

"မင်းမြတ်၊ ထိုသို့ မေ့လျော့နေစဉ်တွင် သင်မင်းမြတ်၌ စိတ်မရှိဘဲ နေပါသလော"

"အရှင်ဘုရား၊ စိတ်မရှိသည်မဟုတ်ပါ။ သတိမရှိခြင်းသာ ဖြစ်ပေ၏"

"မင်းမြတ်၊ သို့ဖြစ်ပါလျက် သင်မင်းမြတ်သည် 'စိတ်ဖြင့်သာ အောက်မေ့နိုင်၏' ဟု အဘယ်ကြောင့် ဆိုရပါသနည်း"

စာမျက်နှာ(၂၄)သို့

www.dhammaransi.com

လုံတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ရန်ကုန်

သာထွန်းမြန်

ဗုဒ္ဓသာသနာနှင့် ပစ္စည်းလေးပါးရှင်တို့အတွက်

# ရဟန်းကောင်း ရဟန်းမြတ်တို့၏ တာဝန်

ဓမ္မဝိဂ္ဂ

**ဖုဿမထေရ်ဟောကြားအနာဂတ်သာသနာအလားအလာ**

နောင်အနာဂတ်သာသနာနှင့်ပတ်သက်၍ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် ကဏ္ဍလိကမင်းမျိုးမှ ရဟန်းပြုပြီး ဆဠဘိညာရဟန္တာဖြစ်သော ဖုဿရဟန္တာမြတ်ကို ပဏ္ဍရဂေါတ္တမည်သော ရသေ့တစ်ပါး တရားလာနာသည်။

ရသေ့သည် ဖုဿမထေရ်ကို အလွန်ကြည်ညိုသည် ဤသို့သော ပဋိပတ်ကျင့်စဉ် ကြာရှည်စွာ တည်တံ့ပါက ကောင်းလေစွဟု ကြံစည်ဆင်ခြင်၍ နောက်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့ဟု အကျင့်များကို ဖုဿမထေရ်အား မေးလျှောက်သည်။

ထိုအခါ ဖုဿမထေရ်က အနာဂတ်သာသနာနောက်ပိုင်းသို့ ရောက်လာသောအခါ ရဟန်းတို့သည်-

- အမျက်ထွက်လေ့ရှိကုန်အံ့၊ ရန်ငြိုးဖွဲ့လေ့ရှိကုန်အံ့၊ သူ့ကျေးဇူးကို ချေဖျက်ကြကုန်အံ့။ ခက်ထန်မောက်မာကုန်အံ့။
- မကျင့်ဘဲကျင့်ယောင်၊ မသိဘဲနှင့်သိအောင်ပြုမူကုန်အံ့။
- သူတစ်ပါး ရဟန်းဂုဏ်နှင့်ပြည့်စုံအောင်နေသည်ကို အလိုမကျငြူစူစောင်းမြောင်းခြင်း ရှိကုန်အံ့။
- အယူဆန့်ကျင် နှင် သင်စသည်ဆို၍ အချင်းချင်းခိုက်ရန် ငြင်းပွားအချင်းများကုန်အံ့။
- နက်နဲသိမ်မွေ့သော တရားတော်၌ မသိမမြင်သော်လည်း သိယောင်မာနထောင်ဟန်ဆောင်ပြုမူတတ်ကုန်အံ့။
- မသူတော်တို့၏ တရားဘက်ကိုသာ အာရုံစိုက်လေ့ရှိကုန်အံ့။
- သွားလာ လက်ကြော-ဝမ်းဝါ ဖော့ဆို့-ပေါ့သောသဘော ရှိကုန်အံ့။
- ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ၊ သာသနာသုံးရပ်၌ အလေး မမူ၊ ဂရုမပြု ရိုသေမှုကင်းကုန်အံ့။



၀၃၁၅၁

www.dhammaransi.com



- သီတင်းသုံးဖေါ် အချင်းချင်း ရိုသေကင်း ကုန်အံ့။
- ပညာမဲ့သော ရဟန်းဆိုး ရဟန်းမိုက်တို့သည် ဗုဒ္ဓဟောကြား ပိဋကတ်သုံးပုံတရားကို သေးသိမ်အောင် ပြုလုပ်ကြလတ္တံ့၊ ညစ်ညူးပျက်စီးအောင် ဖျက်ဆီးလတ္တံ့။ ဥပမာ- အာပတ်သင့်သည်ကို မသင့်၊ ဂရုကအာပတ်ကို လဟုကအာပတ်ပြုခြင်းစသော ဒုစ္စရိတသံကိလေသဖြင့် ညစ်ညူးစေလျက် ဝိနည်းတရားတော်ကို ဖျက်ဆီးလတ္တံ့။
- နူးညံ့သိမ်မွေ့သော ရုပ်နာမ်တရားတို့ကို ပယ်ရှားစွန့်ခွာ၍ ဒိဋ္ဌိသံကိလေသဖြင့် ညစ်ညူးစေလျက် တရားကို ဖျက်ဆီးလတ္တံ့။
- နှစ်ပါးစုံသော အလှူကိုပြုခြင်း၌ နှစ်သက်သာယာသော တဏှာသံကိလေသဖြင့် ညစ်ညူးစေလျက် ဝိနည်းအဘိဓမ္မာ နှစ်ပါးစုံကို ဖျက်ဆီးလတ္တံ့။
- သံဃာ့ဘောင်ဝယ် တစ်စုံတစ်ခုအမှုစကား တရား တဘောင် ရှေ့ဆောင်ပြောဆိုကြသည်ရှိသော်- အလဇ္ဇီဒုဿီလ အသင်း အပင်းအားကြီးကုန်လတ္တံ့။
- ဥပမာ သံဃာ့အမှု ဆုံးဖြတ်ရာ သံဃာ့ အစည်းအဝေး၌ လာဘသက္ကာရကို တောင့်တသဖြင့် ဂုဏ်ကို ဆောင်၍ ဓမ္မကို အဓမ္မ- အဓမ္မကိုဓမ္မ၊ ဝိနယကို အဝိနယ- အစရှိသည်ဖြင့် မိမိလိုတိုင်းသော အနက်အဓိပ္ပါယ်ကို သံဃာတော်၌ တည်စေ၍ အလဇ္ဇီဒုဿီလ အချင်းချင်း အားပေး၍ အလဇ္ဇီဒုဿီလ အသင်းအပင်း အားကြီးကုန်လတ္တံ့။
- သီလ, သမာဓိ, ပညာစသော ပရိယတ္တိဂုဏ်- ပဋိပတ္တိဂုဏ် ပြည့်စုံသော ရဟန်းမြတ်တို့သည် သံဃာအမှုကို ဆုံးဖြတ်၍ သံဃာ့အစည်းအဝေး၌ အားနည်းကုန်လတ္တံ့။
- ပညာမဲ့သော ရဟန်းတိုသည် ရွှေ ငွေ ကျွန် ယောကျ်ား ကျွန်မိန်းမ-နွား, ဆိတ်, သိုးစသော အခြေလေးချောင်းရှိသော သတ္တဝါတို့ကို မိမိတို့အလို့ငှါ သာယာခံယူကုန်လတ္တံ့။
- သူတစ်ပါးကို ကဲ့ရဲ့လိုသော စိတ်ရှိကုန်သည်ဖြစ်၍ သီလ၌မတည်ကုန်ဘဲ ထက်မြက်သော မာန်-မာနရှိကုန်သည်ဖြစ်၍ ငြင်းခုံရန်တွေ့ ချုပ်ချယ်သော အလေ့၌ သာလျှင် သာယာပျော်မွေ့၍ သားသမင်တို့ကဲ့သို့ လှည့်လည်သွားလာကုန်လတ္တံ့။
- ကုဟနလပန အမှုဖြင့် အသက်မွေးကြ

www.dhammaransi.com



ကုန်လတ္တံ့။ ဥပမာ-ဈာန်မဂ်ဖိုလ်အနီး ရောက်နေပြီဟု လှည့်ပတ်မှု ဖြစ်သလို လိမ်လည်ကြည်ညိုစေမှု အံ့သြဖွယ်ပြုကြမည်။

- ပစ္စည်းအလို့ငှါ ဒါယကာတို့အား ညှာတာချီးမြှောက်ခြိမ်းခြောက် မောင်းမဲ-ဆဲရေးရှုတ်ချပြောပြမည်ဖြစ်သည်။
- ဒေါသမျက်ကန်း ခက်ထန်ကြမ်းကြုတ်သော စိတ်နှလုံး ရှိကြမည်။
- ကိလေသာအမှုအရာတို့သည် သားသမင်တို့၏ ချိုဖျားကဲ့သို့ ထင်ရှားလာမည်။
- ကိုယ်ကိုတန်ဆာဆင်ခြင်း၊ ပရိက္ခရာကို တန်ဆာဆင်ခြင်းစသော လျှပ်ပေါ်လောလီသော အကျင့်၌ကျင့်ကုန်သည်ဖြစ်၍ ကြော့ကြော့မော့မော့နှင့် ဖျော့တော့ဝါ ကောင်စွပ်ရောင်ဆိုးသော ခင်ကြီးကို ဝတ်ဆင်လျက် မြို့လယ်ခရီး ရွာလမ်းခရီး၌ သွားလာလှည့်ပတ်ကြအံ့။
- ပစ္စည်းလေးပါးကို တပ်မက်မောသည် ဖြစ်ကြကုန်အံ့။
- ရဟန်းတရား အားမထုတ်ဘဲ ဆွမ်းခံပျင်း၍ ရွာဦးကျောင်း၌နေပြီးလျှင် ကျောင်းသားသူငယ်မွေး၍ နေကြကုန်လတ္တံ့။
- မိစ္ဆာဇီဝ အသက်မွေးခြင်း၌ မွေ့လျော်၍ လာဘ်များစွာရရှိသော အလိုဆိုး အကုသိုလ်၌ ကျင့်ကုန်လတ္တံ့။
- ရဟန်းကောင်း-ရဟန်းမြတ်တို့၌ လာဘ်နည်းကုန်လတ္တံ့။ ထိုသီလဝန္တ ဂန္ထရဟန်းမြတ်တို့ကို ကော်ရော် ပူဇော်မှု မပြုကြကုန်လတ္တံ့။
- ပိန္နဲဆိုး-သစ်ခေါက်ဆိုး သင်္ကန်းကို ကဲ့ရဲ့၍ သာသနာပ တိတ္ထိပရိဗိုဇ်တို့၏ အဝတ်ဖြူကို ဆောင်ကြကုန်လတ္တံ့။
- အလဇ္ဇီဒုဿီလ ရဟန်းများသည် မိမိတို့ကို လှူဒါယကာတို့ အကြည်ညိုပျက်မည်စိုး၍ သီလဝန္တ ရဟန်းမြတ်-ကျမ်းဂန်တတ် ရဟန်းတို့ကို ထိုအရပ်၌ မနေနိုင်အောင် နှိပ်စက်လာလတ္တံ့။
- ဆရာဥပဇ္ဈာယ်တို့က ကောင်းသောအမှုအရာ ပဋိပတ်ကို ဟောဖော်ရှင်းပြ- ဆိုဆုံးမသော်လည်း မနာယူကြကုန်လတ္တံ့။
- ဆရာဥပဇ္ဈာယ်တို့ကို နှုတ်လှန်ထိုးကြကုန်လတ္တံ့။
- ဗုဒ္ဓတရားတော်များကို ဟောပြောမှုပြုကာ ငွေနှင့်ရောင်းစားကြကုန်လတ္တံ့။

ဤဆိုသော အခြေအနေများသည် သီလ

www.dhammaransi.com



ယုဂကာလသို့ ရောက်သော် ရဟန်းတို့သည် ဖေါက်ပြန်ချွတ်ယွင်း ပျက်ပြားသော အကျင့်များဖြစ်ပေါ်တတ်ပြီး သာသနာနှင့်ရဟန်းများ ဆုတ်ယုတ်ပျက်စီးကြမည်ဖြစ်သည်။

(ဖုဿထေရဂါထာ-၃၆၀)

ယနေ့ဗုဒ္ဓသာသနာတော်၌ ရဟန်းတော်များ ပရိယတ္တိစာသင်မှု၊ စာချမှုများ၊ လျော့နည်းလာခြင်း၊ စာချစာသင် သံဃာတော်များ ထောက်ပံ့မှုများ၊ အားနည်းလာခြင်းသည်လည်းကောင်း၊ တရားပွဲများ၌ ငွေသာပဓာန ဖြစ်မှုများ စသည်တို့သည်လည်းကောင်း၊ ရဟန်းတု ရဟန်းယောင်များ အလှူခံလိမ်ညာမှုစသည် ပေါ်များလာခြင်းမှာလည်းကောင်း သာသနာ ဆုတ်ယုတ်လာမှု အခြေအနေများပင်ဖြစ်ပါသည်။

ကျေးလက်ရွာများ၌ ကျောင်းထိုင်များ စာမတတ် ပေမတတ် ရဟန်းများ ကျောင်းထိုင်မှု၊ တောထွက်ရဟန်းများ ကျောင်းထိုင်မှု၊ ကျောင်းထိုင်များက ကလေးများကို စာမသင်၊ စီးပွားလုပ်၊ အပေါင်ခံ ချဲဒိုင်ခံ စသည်ပြုလုပ်နေမှုများသည်လည်း သာသနာဆုတ်ယုတ် ပျက်စီးနေကြောင်း သိသာလှပါသည်။ ထိုပျက်စီးမှုကို ထိန်းသိမ်းကြရန် လိုအပ်ပါသည်။

**ဓမ္မဝီရ**

**စာမျက်နှာ(၂၀)မှအဆက်**

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

## သတိသည် အမြဲသိမှတ်နေပါသလော

"အရှင်နာဂသေနဘုရား၊ သတိဟူသမျှသည် အမြဲ သိမှတ် နေပါသလော။ သို့မဟုတ် အခြားသတိလှုံ့ဆော်ပေးမှ ဖြစ်လာပါသလော"

"မင်းမြတ်၊ သတိသည် အမြဲသိမှတ်နေသည်လည်း ရှိ၏။ သူတစ်ပါးတို့ လှုံ့ဆော်ပေးမှ ဖြစ်ပေါ်လာသည်လည်းရှိ၏"

"အရှင်ဘုရား၊ သတိဟူသမျှသည် အမြဲသိမှတ်နေ၍နေပါလျှင် အခြား သူတို့လှုံ့ဆော်ပေးမှ ဖြစ်ပေါ်လာရသော သတိသည် မရှိတန်ရာ"

"မင်းမြတ်၊ သူတစ်ပါးတို့ လှုံ့ဆော်ပေးမှ ဖြစ်ပေါ်လာသောသတိသည် မရှိခဲ့ပါလျှင် ဆင်စွယ်ပန်းပွတ်ဆရာ၊ ပန်းချီဆရာစသော အတတ်ပညာသည်တို့သည် မိမိတို့၏ အတတ်ပညာကို တစ်ဆင့်သင်ကြားပေး၍ မရနိုင်ကုန်ရာ။ မင်းမြတ်၊ ထိုအတတ်ပညာသည်တို့သည် မိမိတို့၏အတတ်ပညာကို တစ်ဆင့်သင်ကြားပေး၍ ရနိုင်ကုန်သည်သာတည်း"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

www.dhammaransi.com



# နှစ်ဖက်မြင် သာသနာပြုနည်း



ရှင်ဇော (မန်းတက္ကသိုလ်)

သာသနာပြုရဟန်းတော်တို့သည် တာဝန်ကျရာဒေသ၌ နည်းအမျိုးမျိုးဖြင့် သာသနာပြုနေကြပါ၏။ မူဝါဒတစ်ခုကို တရားသေစွဲကိုင်၍ မရနိုင်ပါချေ။ ကာလဒေသအလိုက် ပြုပြင်ပြောင်းလဲ၍ လုပ်ဆောင်ရမည်သာဖြစ်ပါသည်။ သို့သော် နှစ်ဖက်မြင်သာသနာပြုနည်းကိုကား သာသနာပြုရဟန်းတော်တိုင်း လက်ကိုင်ထားသင့်ပါသည်။ ၎င်းတို့မှာ ကာကွယ်မှုနှင့် တိုးတက်စေမှုတို့ပင်ဖြစ်ပါသည်။

တစ်စုံတစ်ခုသော ပန်းတိုင်သို့ အပြိုင်လျှောက်လှမ်းနေရသောသူသည် ပန်းတိုင်တစ်ခုတည်းကိုသာ ကြည့်၍လျှောက်ပါက ချောမောစွာ ရောက်နိုင်လိမ့်မည်မဟုတ်ပေ။ လမ်းအနေအထားနှင့် ခလုပ်ဆူးငြောင့် ရှိမရှိ စတာတွေကိုလည်း သတိထား၍ ကြည့်ရှုရပေမည်။ ထိုသို့ ကြည့်ရှုမှသာ ပန်းတိုင်နှင့်လွဲစေနိုင်မည့် အနှောက်အယှက်အဟန့်အတားများကို ကာကွယ်နိုင်ပေမည်။ ထိုနည်းတူစွာ သာသနာပြုရဟန်းတော်တို့သည်လည်း သာသနာတော်တိုးတက်ပြန့်ပွားရေးတစ်ခုကိုသာ ကြည့်၍ မရပါ။ ကာကွယ်မှုကိုလည်း ပြုရဦးမည်ဖြစ်သည်။ ကာကွယ်မှုဟုဆိုရာ၌ ဗုဒ္ဓ-အဆုံးအမနှင့်လျော်ညီသောကာကွယ်မှုကို ဆိုလိုပါသည်။ ဥပမာအားဖြင့် ဓမ္မကိုအဓမ္မဟူ၍လည်းကောင်း၊ အဓမ္မကိုဓမ္မဟူ၍လည်းကောင်း အများထင်မြင်အောင် အားထုတ်နေခြင်း၊ ဓမ္မနှင့်အဓမ္မကို ရောနှောစေခြင်းစသည့် ဗုဒ္ဓဓမ္မအပေါ်၌ အမြင်ဝေဝါးသွားစေနိုင်မည့် အနှောက်အယှက်တို့မှ

www.dhammaransi.com



လည်း ကာကွယ်ရပေမည်။ ထိုသို့ကာကွယ်ရာ၌ အကြမ်းဖက်ခြင်း၊ ခိုက်ရန်ငြင်းခုံဖြစ်ခြင်း စသည့်နည်းတို့ကို အသုံးပြုရန် မလိုပေ။ အဓမ္မကို အဓမ္မအဖြစ်၊ ဓမ္မကိုဓမ္မအဖြစ် ထင်ရှားစေရန် မေတ္တာဖြင့် ရှင်းလင်းပြရန်သာလိုပေသည်။ သာသနာပြုရဟန်းတော်သည် တိုးတက်ရေးလမ်းစဉ်ကိုသာ အစဉ်ရှေးရှု၍ ကာကွယ်မှုကို မျက်ကွယ်ပြုထားပါက အိတ်ပေါက်နှင့်ဖားကောက်၊ သဲထဲရေသွန်ဟူသကဲ့သို့ ကြိုးစားသလောက် ခရီးမပေါက်နိုင်ဘဲရှိပေတော့မည်။ ဤကဲ့သို့သော သာသနာပြုနည်းမျိုးကို တစ်ဖက်မြင် သာသနာပြုနည်းဟု ခေါ်ဆိုရပေမည်။ ထိုကဲ့သို့သော တစ်ဖက်မြင် သာသနာပြုရဟန်းတော်သည် ရေရှည်တွင် တိုးတက်မှုအပေါ် သာယာယစ်မူး၍ 'ငါလှူစွမ်းကောင်းပဲ၊ ငါ့စွမ်းဆောင်မှုကြောင့် ဤသို့ဤပုံတိုးတက်လာပေသည်' ဟူ၍ အောက်မေ့ကာ တဖြည်းဖြည်း မသိစိတ်တစ်နေရာ၌ မာန်မာနများ ခိုအောင်းလာနိုင်စရာ အကြောင်းရှိပေသည်။ ထိုသို့ ဖြစ်လာပါက သာသနာပြုအချင်းချင်းပေါ်၌ပင် မာန်မာနဖြင့် အားပြိုင်လိုစိတ်များ၊ နှိုင်းယှဉ်နှိမ့်ချမှုများ ဖြစ်ပေါ်လာနိုင်၍ အချင်းချင်း သွေးကွဲကာ ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ရသည့် တောင်တန်းသာသနာသည် ကျီးအာသီးကဲ့သို့ အကာသာလှ၍ အနှစ်မလှသောအခြေအနေသို့ ရောက်သွားနိုင်ပေသည်။ ထိုသို့သောသာသနာသည် ရေရှည်တည်တံ့၍ ကြံ့ကြံ့ခံမည်မဟုတ်ပေ။ ဤကဲ့သို့သော တစ်ဖက်မြင်(တစ်ခြမ်းပဲ) သာသနာပြုခြင်းမျိုးသည် ခါးတောင်းကျိုက်တစ်ခြား ဟိုဒင်းတစ်ခြားဆိုသကဲ့သို့ သာသနာပြု မူလရည်ရွယ်ချက်ပျောက်၍ သာသနာကိုဖျက်ဆီးရာပင် ရောက်နေပေတော့မည်။

## ကျားနှင့်ရှဉ့်မျှား

'ငါမှငါ'ဟူသော မာန်မာနဖြင့် သာသနာပြုခြင်းသည် ထိုပုဂ္ဂိုလ်အတွက်သာမက သာသနာတော်အတွက်ပါ အန္တရာယ်များလှပေသည်။ မည်ကဲ့သို့ အန္တရာယ်များသနည်း။ 'ကျားနှင့်ရှဉ့်မျှား'ပုံပြင်လေးကို လေ့လာကြည့်ပါ။ ရှေးအခါက ကျားတစ်ကောင်သည် အစာရှာထွက်လာရာ ရှဉ့်မျှားတစ်ကောင်ကို တွေ့လေ၏။ ကျားသည် ရှဉ့်မျှားကိုတွေ့သည်နှင့် ခုန်အုပ်လိုက်လေ၏။ ရှဉ့်မျှားဆိုသောသတ္တဝါသည် သေးငယ်၍ အပြေးမြန်သော သတ္တဝါမျိုးဖြစ်ပေရာ လျှင်မြန်စွာ တိမ်းရှောင်၍ ပြေးလွှားထွက်ခွာသွားလေ၏။ ကျားလည်း နောက်မှလိုက်လေ၏။ တစ်နေရာအရောက်တွင် ချောက်ကမ်းပါးကြီးခံ၍ နေပေရာ ရှဉ့်မျှား

www.dhammaransi.com



သည် မည်သို့မျှစဉ်းစားခြင်းမပြုနိုင်ဘဲ ကျား၏ ဘေးမှ လွတ်မြောက်လိုဇောဖြင့် အရှိန်မလျှော့ဘဲ ခုန်ကျော်လိုက်ရာ ကံအားလျော်စွာတစ်ဖက်ကမ်းသို့ ရောက်သွားတော့၏။ ကျားကား ထိုသို့မဟုတ် ချောက်ကမ်းပါးကို တွေ့သည်နှင့် ဘရိတ်အုပ်ရပ်တန့်လိုက်လေ၏။ (အတ္တသမား ပီသလှပါဘိ။ သူတစ်ပါးကို အန္တရာယ်ပြုလိုသောသူသည် မိမိကိုယ်တိုင် အန္တရာယ်နှင့်တွေ့ရမည်ဆိုလျှင် သူတစ်ပါးထက် အဆများစွာ ကြောက်၍နေတတ်သည်။) ထိုအချိန်တွင် ကျားနှင့်မလှမ်းမကမ်း၌ မြေခွေးတစ်ကောင် ရောက်လာ၏။ မြေခွေးက 'အဆွေကျား- ဘာကြောင့်ရပ်တန့်လိုက်ရတာလဲ။ ဘာမဟုတ်တဲ့ ရှူးများလိုအကောင်ပေါက်စကတောင် ခုန်ကျော်သွားနိုင်သေးတာပဲ။ အဆွေကျားရဲ့ ခွန်အားနဲ့ဆိုရင် ဒါမျိုးချောက်ကမ်းပါးမပြောနဲ့ ဒါ့ထက်ကျယ်တဲ့ ချောက်ကမ်းပါးကိုတောင် ခုန်ကျော်နိုင်မှာဘဲ။ ကျွန်တော်က ခင်ဗျား ဂုဏ်သိက္ခာကျမှာစိုးလို့ စေတနာနဲ့ပြောတာနော်' ဟု သာသာထိုးထိုးလေး ပြောလိုက်ရာ ငမိုက်သားကျားကား ချောက်ကမ်းပါး၏ ဟိုဘက်ကမ်းကို ကြည့်လိုက်၊ ဒီဘက်ကမ်းကို ကြည့်လိုက်ဖြင့် သွေးများဆူဝေ၍လာ၏။ ခုန်သင့် မခုန်သင့် မချင့်ချိန်နိုင်ဘဲ အသိဉာဏ်များ ဝေဝါး၍လာ၏။ ထိုခဏ၌မြေခွေးဘက်သို့ လှည့်၍ ကြည့်လိုက်ရာ မြေခွေးက 'လုပ်လိုက်စမ်းပါ၊ ဖြစ်ပါတယ်' ဟူသောသဘောဖြင့် မေးငေါ့၍ ပြလိုက်ရာ ကျားကား မြေခွေးမြှောက်ပင့်မှုဒဏ်ကို မခံနိုင်တော့ဘဲ ရပ်နေရာမှ လွှားကနဲ ခုန်ကျော်လိုက်၏။ ဟိုဘက်ကမ်းရောက်ဖို့မပြောနဲ့ ကမ်းကို မေးစေ့မျှနှင့်ပင် မချိတ်မိ ချောက်ကမ်းပါးထဲသို့ကျ၍ သေလေတော့၏။ ထိုအခါ မြေခွေးကား ကောက်ကျစ်သောအပြုံးဖြင့် ချောက်ကမ္ဘားထဲသို့ ကွေ့ဝိုက်ပတ်ဆင်းကာ ကျား၏အသားကို မြိန်ရေယှက်ရေ စားသောက်၍ နေလေတော့၏တဲ့။ ပုံပြင်လေးကို ဖတ်ပြီး သုံးသပ်ကြည့်ပါ။ သာသနာပြုနယ်ပယ်၌ ကျားသည် မည်သည့်လူတန်းစားနှင့်တူသနည်း။ မြေခွေးကကော။ အဖိနှိပ်ခံရှူးများက အဘယ်နှင့်တူသနည်း။ မြေခွေးသည် ကျားကို အဘယ်ကြောင့် အယုံသွင်းသနည်း။ အဘယ်ကြောင့် အယုံသွင်းနိုင်သနည်း။ ကျား၏ဆုံးဖြတ်ချက် မှန်ကန်ပါ၏လော။ မည်ကဲ့သို့သောသဘောထားဖြင့် ဤကဲ့သို့ ဆုံးဖြတ်လိုက်ပါသနည်း စသည် ဖြင့် ကိုယ်တိုင်မေးခွန်းထုတ်၍ ဖြေဆိုကြည့်ပါလေ။

ရှင်ဇော(မန်းတက္ကသိုလ်)

www.dhammaransi.com



# အကျိုး နှင့် အပြစ်

မောင်သာ (ဒဿန)

တစ်နေ့ မြေးတော်မောင်နှင့်အတူ လမ်းလျှောက်ရင်း မြေးတော်မောင်ရဲ့ အပြုအမူကို ကြည့်ပြီး ပြောစရာစကားလေးတွေ ဖြစ်လာရသည်။ မြေးတော်မောင်ဆို၍ ကြီးကြီးမားမား အရွယ်တော့မဟုတ်ပါ။ ၄-နှစ် ၅-နှစ် အရွယ် လူငယ် ကလေးသဘာဝ မျက်စိရှေ့မှာ ထူးထူးခြားခြားမြင်ရင် လိုက်၍ အတုလုပ်တတ်ကြပါသည်။ ရယ်စရာ မောစရာအဖြစ် ပြောင်လှောင်ကျီဆယ်တတ်ကြပါသည်။

ကလေးသူငယ်တွေသာမဟုတ်ပါ။ လူကြီးလူရွယ်များလည်း ပျော်စေပျက်စေသဘော လုပ်တတ်ကြ၏။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ရွာမှာ အလွန်တရာမှ ယောင်တတ်တဲ့ အဖွားတစ်ယောက် ရှိတယ်။ လူတွေ ဆုံကြပြီဆိုရင် အဲဒီအဖွားရဲ့ခါးကို တို့ပြီး ကခိုင်းတာတို့၊ ဘေးကလူကို ဆဲခိုင်းတာတို့ လုပ်ကြပါသည်။ လုပ်ကြတာကတော့ ရယ်စရာမောစရာပါပဲ။ ကျွန်တော် ငယ်ငယ်တုန်းက ရွာထဲမှာ ခြေထောက်တစ်ဖက်ကျိုးနေတဲ့ ခွေးကျိုးကြီးတစ်ကောင်ရှိတယ်။ ညီအငယ်ဆုံးက အဲဒီခွေးအကျိုးကြီး သွားသလို လုပ်ပြပြီး ပျော်စရာ ရယ်စရာ ဖြစ်စေခဲ့ပါတယ်။

ဒီထက်ပို၍ ကျောင်းသားဘဝ ၈-တန်း ၉-တန်းတုန်းက အဖြစ်ကလေးပါ။ သူငယ်ချင်းက အလွန်တရာ ပျော်တတ်နောက်တတ်သူ။ အစသန်၏။ အကျီစားသန်၏။ ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှာ စကား အထစ်ထစ်ပြောတတ်တဲ့ မွေးရာပါတစ်ယောက်ရှိ၏။ သူနဲ့တွေ့တိုင်း အမြဲတမ်းစတတ်၊ သူ့လိုပဲ ပြောပြ၍ နောက်ပြောင်လေ့ရှိသည်။ "အကျီစားသန် ရန်ဖြစ်တတ်" ဆိုစကားရှိပါသည်။ ရန်ဖြစ်တာတော့ မရှိခဲ့ပါဘူး။ ဘာထူးခြားသလဲဆိုတော့ ကြာလာတဲ့အခါမှာ အဲဒီနောက်ပြောင်တဲ့သူငယ်ချင်း သူလဲသူများကို နောက်ပြောင်ရာမှ တဖြည်းဖြည်းနဲ့ စကားတွေ ထစ်အလာတာကို သတိထားမိသည်။ ဒါက သူလုပ်ခဲ့တဲ့ အကျိုးပါပဲ။

ကျွန်တော် ဒီနေရာမှာ ပြောချင်တာက တင်ပြလိုတာက။ အဲဒီအကျိုးနဲ့အပြစ် အကြောင်းပါပဲ။ မိမိပြုမူ လုပ်ဆောင်ခဲ့တဲ့အကြောင်းရဲ့ နောက်ကွယ်မှာ အဲဒီရဲ့ သက်ရောက်မှု အကျိုးသည် ပျောက်ကွယ်မသွားပါ။ အနည်းနဲ့အများတော့ သက်ရောက်မှု ရှိပါသည်။ ကျွန်တော်

www.dhammaransi.com



ကတော့ ''ကံ''ကိုယုံကြည်သည်။ ကိုယ်ပြု တဲ့အကြောင်းမှန်က အကျိုးဖြစ်မယ်။ မကောင်း မှုပြုရင်တော့ မကောင်းကျိုးဖြစ်မှာ သေချာပါ သည်။

ဗုဒ္ဓစာပေတွေ ဖတ်ရတဲ့အခါမှာလည်း ကံနှင့်ကံ၏အကျိုးအပြစ်များကို ဖတ်သိလေ့ လာရ၏။ ဆရာတော်ကြီးများ ဟောကြား သော တရားတော်များ၌လည်း မကြာမကြာ နာကြားရ၏။ သိပ္ပံလောက၌ သိပ္ပံပညာရှင် ကြီး နယူတန်က ''သက်ရောက်မှုတိုင်း၌ တန်ပြန်သက်ရောက်မှုရှိ၏''လို့ ကျောင်းသား ဘဝက သင်ခဲ့ရ၏။

ဤနေရာတွင် မိမိပြုလုပ်သော အပြုအမူ ကံကြောင့် အကျိုးပေးရာတွင် ကောင်းကျိုး၌ ဖြစ်စေ၊ မကောင်းကျိုး၌ဖြစ်စေ တစ်ခုခုတော့ သက်ရောက်မည်သာဖြစ်၏။ အကျိုးအပြစ် သက်ရောက်မှုတော့ တူမည်မဟုတ်ပါ။ အန္ဓ ပုထုဇဉ်အပေါ် တိရစ္ဆာန်တစ်ကောင်အပေါ်၌ ပြုလုပ်ခဲ့သော ကောင်းမှု ဆိုးမှုသည် အကျိုး သက်ရောက်မှုနည်းပြီး၊ သီလ သမာဓိရှိသော သီလဝန္တ ပုဂ္ဂိုလ်အပေါ်၌ မိမိဆောင်ရွက်ခဲ့ သော အကျိုးပေးကံသည် သက်ရောက်မှုအား ကြီးမားကြောင်း လေ့လာသိရှိရပါသည်။

ဒီနေရာမှာ ကျွန်တော် ဖတ်ရှုလေ့လာဖူး သည့် ခုဇ္ဇုတ္တရာ အကြောင်းကို အလျဉ်းသင့် ၍ တင်ပြလိုက်ရပါသည်။ ခုဇ္ဇုတ္တရာသည် ကောသမ္ဗီပြည့်ရှင် ဥတေနမင်းကြီး၏ မိဖုရား သာမာဝတီ၏ ကိုယ်လုပ်မောင်းမဖြစ်သည်။ သူမ၏အမည်မှာ ဥတ္တရာဖြစ်၏။ ခါးအနည်း ငယ်ကုန်းနေတော့ ''ခုဇ္ဇုတ္တရာ''ဟု နာမည် တွင်ခဲ့ရ၏။ ဘုရားမပွင့်မီ ဘဝဟောင်းတစ်ခု တုန်းက အမျိုးသမီးဖြစ်ခဲ့စဉ် ခါးကုန်းနေသော ပစ္စေကဗုဒ္ဓါတစ်ပါးကို မြင်၍ ပြက်ရယ် ပြောင်လှောင်ခဲ့သည်။ ကုန်းကွသော အမူအရာ ဖြင့် သွားလာလှည့်လည်ပြခဲ့သည်။ ထိုအပြစ် သည် ယခုဘဝ၌ မကောင်းသော အကျိုးပေး ကံကြောင့် ယခုလို ခါးကုန်းမလေး ဖြစ်ခဲ့ ရ၏။

ခုဇ္ဇုတ္တရာသည် ဗာရာဏသီ သူဌေးသမီး ဘဝကလည်း ရဟန္တာထေရီမတစ်ပါးအား သူမရဲ့ တန်ဆာထုပ်ကို သယ်ခိုင်းခဲ့သော အပြစ်ကြောင့် ဘဝငါးရာ ကျွန်မဖြစ်ခဲ့ရဖူး၏။

ဗုဒ္ဓဘုရားရှင် မပွင့်ပေါ်မီ ဗာရာဏသီ မင်း နန်းတော်မှာ ရှိခဲ့စဉ်က ပစ္စေကဗုဒ္ဓါရှစ်ပါး ဆွမ်းခံကြွစဉ် ရွှေနန်းတော်မှ လှူဒါန်းသည့် ပူသော နို့ဃနာဆွမ်း သပိတ်ကို မကိုင်နိုင် ဖြစ်နေစဉ် မိမိလက်တွင် ဝတ်ဆင်ထားသော ဆင်စွယ်လက်ကောက်ရှစ်ရံကို သပိတ်ခြေ

www.dhammaransi.com



အဖြစ် လျှာဒါန်းခဲ့သော ရှေးကုသိုလ်ကံအကျိုး ပေးကြောင့် ပညာဉာဏ်ကြီးမားခြင်း အကျိုး ကို ရရှိခဲ့ရသည်။

ယခု ကျွန်တော်တင်ပြနေသော ဘုရင် မိဖုရား သာမာဝတီ၏ ကိုယ်လုပ်မောင်းမ ခုဇ္ဇုတ္တရာသည် သာမန်ပုဂ္ဂိုလ်တစ်ဦး မဟုတ် ပါ။ ဤဘဒ္ဒကမ္ဘာမှာ လေးဆူမြောက် ပွင့်တော် မူသော ဂေါတမဘုရားရှင်လက်ထက်တွင် ဘုရားရှင်ထံမှ ပန်းအလှူနှင့် ဆွမ်းအလှူ အနုမောဒနာတရားကို နာကြားရပြီး၊ သော တာပန်အဖြစ်သို့ ရောက်ခဲ့သူဖြစ်ပေသည်။ ဗဟုသုတများပြားသော ဧတဒဂ်ဘွဲ့ကို ရရှိ ခဲ့သူ ဖြစ်လေသည်။

နောက်တစ်ကြောင်းကလည်း မိဘစကား နားမထောင်ဘဲ မိဘအပေါ် ကိုယ်ထိလက် ရောက် ပစ်မှားစော်ကားခဲ့သော သားမိုက် မိတ္တဝိန္ဒကရဲ့ အကုသိုလ် အကျိုးပေးကံကြောင့် ပြိတ္တာဘုံရောက်ခဲ့ရပြီး အကုသိုလ်အကျိုးပေး ကံကြီးမားပုံက "ငရဲပန်းကို ရွှေပန်းထင်ပြီး လိုလိုချင်ချင် ပန်ဆက်လျက် ဆင်းရဲဒုက္ခကို ခံစားခဲ့ရ၏။

ထို့ကြောင့်လည်း မန်လည်ဆရာတော် ကြီးက "ယုတ်မာရှေ့ဟောင်း၊ ပြုခဲ့ရှောင်း သား၊ မကောင်းမှုခံ၊ ကြောင်းစီမံက၊ ကံပိန် ဉာဏ်ပိန်၊ မိတ္တဝိန်သို့၊ ကောင်းချိန်ဘယ်မှာ၊ ရဘို့ရာလိမ့်၊ ကြမ္မာလည်းမိုက်၊ ဉာဏ်လည်း မိုက်၍၊ လူမိုက်ယောကျာ်း၊ ကံဉာဏ်များတိုး၊ အလားဆိုညစ်၊ ဘဝနစ်တည်း" ဟူ၍ ရှေးက ပြုခဲ့သော အကုသိုလ်ကံကြောင့် ဘဝနစ်မွန်း ရပုံကို နမူနာပြု ဆုံးမခဲ့ပါသည်။

ကံသည် သတ္တဝါတို့၏ အားကိုးရာဖြစ် သောကြောင့် ကံကောင်းသော ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုများကို ကြိုးပမ်း အားထုတ်ခြင်း၊ သံသရာတွင် ကျင်လည်သမျှ ဘဝအဆက်ဆက်တွင် ဆင်းရဲဒုက္ခအမျိုးမျိုး ဖြစ်စေမည့် အကုသိုလ်မကောင်းမှုများကို အထူးရှောင်ရှားသင့်ပေသည်။

နိဗ္ဗိန္ဒ မမ္မတေးထဲကလို ကျွန်တော်အပါ အဝင် တေဘုမ္မာ ဤသတ္တလောကကြီး၌ သက်ရှိသတ္တဝါ အားလုံးသည် မိမိဘဝ ရှင်သန်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြ ရာတွင် အနိစ္စ ဒုက္ခ အနတ္တတရားတွေကို ပြည့်ပြည့်ဝဝမသိ မရနိုင်တောင်မှ လောဘ၊ ဒေါသ၊ မောဟ အမှားတွေကို မလုပ်မိကြဖို့။ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို လွတ်အောင် ရှောင်နိုင်ကြဖို့။ မည်သည့်အခါ တွင်မဆို ပေါ့ပေါ့တန်တန် မေ့မေ့လျော့လျော့ မပြုမိကြရန် ရေးသားတင်ပြလိုက်ရပါသည်။

**မောင်သာ(ဒဿန)**

******************************


www.dhammaransi.com




ရဟန်းတစ်ကျိပ်နှစ်ပါးသည် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတရား ယူပြီးလျှင် တရားအားထုတ်ရန် တောအရပ်သို့ ကြွကြသည်။

▸ တက္ကသိုလ် သျှင်ဩဘိရ
(ဓမ္မာစရိယ ဘီအေ)

www.dhammaransi.com




www.dhammaransi.com



ရွာသူရွာသားများသည် ရဟန်းတော်များကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာဖြစ်၍ အိမ်သို့ပင့်ကာ မွန်မြတ်သော အစားအစာတို့ကို ချက်ပြုတ်ကပ်လှူကြသည်။ ရွာခေါင်းဆောင်က ...



www.dhammaransi.com



www.dhammaransi.com

ထိုအခါ ရွာခေါင်းဆောင်သည် ခယ်မကို ခေါ်ပြီးလျှင် ပစ္စည်းဥစ္စာတို့ကို ပေးအပ်၍ လုပ်ပိုင်ခွင့် ကိုပေးအပ်သည်။




ထိုခယ်မသည် ရဟန်းသံဃာကို ကြည်ညို၍ သဒ္ဓါတရားလည်း ထက်သန်သူ ဖြစ်သောကြောင့် ရိုရိုသေသေ ပြုစုလုပ်ကျွေးသည်။



www.dhammaransi.com






www.dhammaransi.com



ထိုမှနောက် သေလွန်ကြသောအခါ ရွာခေါင်းဆောင်သည် တောအုပ်၌ တန်ခိုးကြီးသော ရုက္ခစိုးနတ် ဖြစ်လေသည်။ မယားသည် သူ၏အနီးအနားတစ်နေရာတွင် ပြိတ္တာမ ဖြစ်ရ၏။



ထိုပြိတ္တာမသည် အဝတ်မပါ၊ ဆာလောင်မွတ်သိပ်၍ ရုက္ခစိုးနတ်ထံ သွား[illegible] အစားအဝတ်တို့ကို တောင်းလေသည်။

www.dhammaransi.com



www.dhammaransi.com



# ရောဂါဘယ ကင်းဝေးဘို့ ရတနသုတ်ကို ရွတ်ကြပါစို့

နိုင်ကြည်မြင့် (သာသနမဇ္ဈိမဓမ္မာစရိယ)

ရတနသုတ်ကို စာရေးသူတို့ ငယ်စဉ်က ပင် ရရှိထားပြီးဖြစ်ပါသည်။ သို့သော် ရတန သုတ်ကို ပါဠိသာ နှုတ်တက်ရနေခြင်းဖြစ် သည်။ သုတ်၏အတိမ်အနက်ကို သေချာမသိ။ အသုံးမချတတ်ခြင်းဖြစ်သည်။

တစ်နေ့မှာ သီလရှင်ဆရာကြီးတစ်ပါးနှင့် ဆုံမိသည်။ ရုံးကိစ္စအကူအညီလိုခြင်း၍ ဖြစ် သည်။ ဆရာကြီး၏ ဥပမိရုပ်ကို မှန်းကြည့် မိသည်။ တည်ငြိမ်မှုရှိသည်။ စကားပြော ပြေ ပြစ်မှုရှိသည်။ အသံမတိုးမကျယ်ဖြစ်သည်။ ရုပသဒ္ဒနှင့်ပြည့်စုံသည်။

စာရေးသူမှန်းကြည့်သည်။ ဒီသီလရှင် ဆရာကြီးကတော့ သီလစင်ကြယ်မှုရှိမည့် ဥပမိရုပ်မျိုးဖြစ်သည်။ အတွင်းစိတ်ဓာတ် ကောင်းပုံရသည်။ အကျင့်စရဏအားရှိမည့် အနေအထားရှိသည်။ ဇေဒင်အချုပ်မဟာဘုတ်၊ မဟာဘုတ်အချုပ် ဥပမိရုပ်ဟု စာဆိုရှိ၏။

ရုံးကိစ္စပြီးသည့်အခါ ဆရာကြီးသီလရှင် က ဒကာကြီးကို ပညာတစ်ခုပေးမယ်။ ဒကာ ကြီးကို ကောင်းကျိုးပေးမဲ့ ပညာဘဲ။ မခက်ခဲ ပါဘူး။ ဒကာကြီး ပရိတ်ကြီးထဲက ရတန သုတ်ရတယ်မဟုတ်လား။ တင်ပါ။ ရပါတယ် ဘုရား။

ကိုယ်တိုင်ဘဲဖြစ်ဖြစ်။ သူတစ်ပါးဘဲ ဖြစ်ဖြစ်၊ ကျန်းမာရေးမကောင်းတဲ့အခါ ဒီရတနသုတ်ကို ရွတ်ဖတ်ပါ။ ရွတ်သူမှာတော့ သီလရှိဖို့တော့ လိုတာပေါ့။ မရွတ်ခင် ရေတစ် ဖန်ခွက် ရှေ့မှာထားပါ။ ပါဠိကို အသံထွက် မှန်ကန်အောင်ရွတ်ပါ။ ကိုယ်ရွတ်မည့် ပါဠိကို လည်း နားလည်အောင် လေ့လာထားပါ။ ရွတ်တဲ့အခါမှာ မေတ္တာစိတ် လွှမ်းခြုံထားပါ။ လူနာအပေါ်မှာ ကရုဏာ စေတနာ အပြည့် ထားပါ။

မရွတ်ခင်နတ်တွေကို ပင့်ဖိတ်ပါ။ သူတို့ ကူညီကြပါမယ်။ ဤရတနာသုတ်သည် ရတနာသုံးပါးဂုဏ်တော်တို့ဖြင့် သစ္စာဆိုသော ကြောင့် ရတနသုတ်ဟု ခေါ်တွင်သည်။ ဘေး အတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ တို့မှ ကာကွယ်နိုင်သော အစွမ်းရှိတော်မူသည်။ ဒါကြောင့် ရတနသုတ်ကို ရွတ်ဖို့ လေးလေး နက်နက် တိုက်တွန်းပါသည်။

www.dhammaransi.com



ပရိတ္တာနိ ဂရုံ ကတွာ၊

သုဇနာ ရဋ္ဌဝါသိကာ။

သဗ္ဗလောက ဟိတတ္ထာယ၊

သမ္မာ ဘဏန္တု သဗ္ဗဒါ။ ။

သုဇနာ၊ သူတော်ကောင်းဖြစ်ကုန်သော။ ရဋ္ဌဝါသိကာ၊ ပြည်သူပြည်သားလူအများတို့သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောကကြီး၏ အစီးအပွားအလို့ငှါ။ ပရိတ္တာနိ၊ ပရိတ်တရားတော်တို့ကို။ ဂရုံ ကတွာ၊ အလေးအမြတ်ပြု၍။ သဗ္ဗဒါ၊ နေ့နေ့ညညကာလခပ်သိမ်း။ သမ္မာ၊ ကောင်းစွာ။ ဘဏန္တု၊ ရွတ်နိုင် နာနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓဘာသာဝင်တို့သည် ကိုယ်တွင်းကိုယ်ပ၌ ဘေးရန် အန္တရာယ်များ မကျမရောက်ရလေအောင် ရောဂါအန္တရာယ်တို့မှ ကင်းဝေးရလေအောင် ရတနသုတ်ပရိတ်တော်ဖြင့် အရံအတားပြုလုပ်ကြရသည်။

ပရိတ်တရားတော်ဖြင့် အရံအတားပြုလုပ်ရာ၌ ရွတ်ဖတ်သူရောကြားနာသူပါ အင်္ဂါပြည့်စုံမှ မိမိလိုချင်သည့် ရည်ရွယ်ချက်နှင့် ပြည့်စုံနိုင်ပါသည်။ ရွတ်ဖတ်သူက-

၁။ အက္ခရာပုဒ်ဝါကျတို့ကို မှန်အောင် ရွတ်ခြင်း၊

၂။ ပရိတ်၏အနက်ကိုသိခြင်း၊

၃။ လာဘ်ကို မငဲ့ဘဲ မေတ္တာ ကရုဏာ ရှေ့ထားရွတ်ကခြင်း၊

နာကြားသူက-

၁။ ပဉ္စာနန္တရိယကံ တစ်ခုခုမရှိခြင်း၊

၂။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ရခြင်း၊

၃။ ပရိတ်တရားတော်ကို အလွန်ယုံကြည်သူဖြစ်ခြင်း။

အထက်ပါ အချက်များနှင့်ပြည့်စုံမှ အကျိုးပေးကောင်းမည် ဖြစ်သည်။ ရတနသုတ်ကို ရွတ်တော့မည်ဆိုယင် အထက်ပါတို့ကိုလည်း သိထားဘို့လိုပါသည်။

ဘုရားဟောစကား၊ စာပေတို့ကို ရွတ်ဖတ်သည့်အခါ ပေါ့ပေါ့တန်တန်ရွတ်ဆိုယင် လေးလေးနက်နက်မရှိယင် အကျိုးပေးကလည်း နေးကွေးပါလိမ့်မည်။ ဒါကြောင့် ရွတ်ဆိုပူဇော်သည့်အခါ လေးလေးစားစား ပီပီသသ ရွတ်ဆိုပါ။

ရတနသုတ်မြတ်၊ သုံးကြိမ်ဖတ်က၊

သတ်ဖြတ်ခန္ဓာ၊ ရောဂါဥပါဒ်၊

ငတ်မွတ်ခေါင်းပါး၊ ကပ်သုံးပါးတို့၊

ရှောင်ရှားပြေးကြ၊ ငြိမ်းအေးလှတည်း။

ဤရတနာသုတ်၏အကျိုးကို ရှေးဆရာတော်တို့က-

ဘယာဥပါဒ်၊ သတ်ဖြတ်ခန္ဓာ၊ ဒုဗ္ဘိက္ခာနှင့်၊

ရောဂါပျက်စီး၊ မှုကြီးထွေရာ၊

www.dhammaransi.com

တွေ့ရောက်လာသော်၊
ယာနီဓဘူတ၊ ရတနဟု၊ တေဇလျှံထိပ်၊
သုတ်ပရိတ်ကို၊ စိတ်သစ္စာပြု၊
ရွတ်မူ မှန်စွာ၊ သုံးကြိမ်ခါတည်းဟု

စပ်ဆိုတော်မူကြသည်။

ရတနသုတ်ကို ရွတ်တော့မည်ဆိုယင် ဂါထာတစ်ပုဒ်စီကို သေသေချာချာဖတ်ရှုလေ့လာပါ။ အလွန်ကြည်ညိုဘွယ်ကောင်းသော စိတ်အာရုံများဖြစ်ပေါ်လာပါမည်။

ရတနာသုံးပါးကို ယုံကြည်သော စိတ်များဖြစ်လာမှ ရတနသုတ်ကို ရွတ်ဖတ်ပူဇော်လျှင် အကျိုးသက်ရောက်မှုပိုကောင်းပါမည်။ သတ္တဝါတစ်ခုဖြစ်လာယင် အိုခြင်း၊ နာခြင်း၊ သေခြင်းနှင့်လုံးဝကြုံရ ဆုံရမည်ဖြစ်သည်။ ထို့တွင် နာခြင်းရောဂါသည် အလွန်ကြောက်စရာတစ်ခုဖြစ်သည်။

သက်သက်သာသာ နာရသည့်ရောဂါဖြစ်ယင် တော်ပါသေးရဲ့ အမလေး အဘလေး အော်မည်ရသည့် ရောဂါဖြစ်ယင် အလွန်စိတ်ဆင်းရဲရသည်။ သေခါနီးအာရုံကောင်း၊ မရဘဲ ဘဝတစ်ပါးပြောင်းခဲ့မိယင် မကောင်းတဲ့ ဂတိရောက်ခဲ့မိပါက အလွန်နစ်နာရမည်ဖြစ်ပါသည်။

သူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲခြင်းဟာလဲ ရောဂါဖြစ်ခြင်းအကြောင်းတစ်ခုပါဘဲ။ ယခု ပစ္စုပ္ပန်ဘဝမှာ သူတစ်ပါးကို သတ်ပုတ်ညှင်းဆဲသူများဟာ ဒီဘဝမှာဘဲ ရောဂါထူပြောခြင်း ဝေဒနာကို ခံစားနေရတာတွေ မြင်ရမည်ဖြစ်ပါသည်။

သူတစ်ပါးအသက်ကို သတ်ဖြတ်ညှင်းဆဲသည့်အတွက် ယခုဘဝမှာပင် ရောဂါများစွာ ခံစားရသော ဝတ္ထုသာဓကပေါင်းများစွာ ရှိပါသည်။

ပါဏာတိပါတ်၊ သူ့သက်သတ်က၊
ချိုးလတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊
အားအင်ယိုယွင်း၊ လျှင်ခြင်းလည်းဝေး၊
ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊
အနာများလျက်၊ ခြွေရံပျက်၍၊
အသက်တိုလျ၊ ပြစ်များစွာတည့်၊
ရှောင်က အပြန်အကျိုးတည်း။ ။

လင်္ကာအရ စာရှုသူများ ရှင်းလင်းပြီးဖြစ်ပါလိမ့်မည်။ သို့ဖြစ်ပါ၍ ပါဏာတိပါတစသည့် ငါးပါးသီလကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပါ။ ရောဂါဘယဘေးတို့မှ ကင်းဝေးဘို့ရန်အတွက် ရတနသုတ်ပရိတ်တရားကိုလည်း ရွတ်ဆိုကြပါစို့လို့ တိုက်တွန်းလိုက်ပါသည်။

**နိုင်ကြည်မြင့်**

**သာသနဓဇဓမ္မာစရိယ**

www.dhammaransi.com



# အသည်း အသက်ကို ရင်း၍

ပြည့်သခင်

ယခင်လမှအဆက်

'သမီးလေး ဘာလို့ ခိုးရာလိုက်သွားရတာလဲ သမီးလေးရယ်၊ မိုက်လိုက်တာ။ သမီးကို သူတကယ် ချစ်ရင် ပိုက်ဆံရှာပြီးလာတောင်းလိမ့်မှာပေါ့။ အခုတော့ကြည့်စမ်းပါဦး သမီးလေးရယ်။ သူတို့က ပိုက်ဆံလေး သိန်း(၃၀) ကိုတောင် မပေးနိုင်ဘူးတဲ့။ ဒါ အမေ့တို့ အတတ်နိုင်ဆုံး လျှော့ထားတာပဲ။ တကယ်ဆိုရင် ငါးဆယ်၊ တစ်ရာလောက်တောင် ဖြစ်သင့်တာ။ သမီးလေး အရမ်းကံဆိုးတယ်။ တစ်ယောက်တည်းသာ ပြန်လာခဲ့ပါ သမီးလေးရယ်နော်…။ ရွာထဲကလူတွေ သမီးတို့အကြောင်းကို ဘယ်သူမှ မသိကြသေးပါဘူး။ အမေတို့ သမီးကို အမြဲတမ်းကြိုဆိုနေပါတယ်။ သမီးယောက်ျားနဲ့ အမေဖုန်းပြောမယ် သူ့ကို ဖုန်းခဏ ပေးလိုက်ဦး။'

'ဟဲ့ အကောင် အေးလွင်ဦး၊ နင် ငွေသိန်း (၃၀)လောက်မှ မတတ်နိုင်ဘူးဆိုရင် ငါ့သမီးကို တစ်ယောက်တည်း ပြန်လွှတ်လိုက်။ အဲဒါ အောက်တန်းစားအဆင့် မင်္ဂလာပွဲ အတွက် လိုအပ်တဲ့ပိုက်ဆံဟဲ့။ ပိုက်ဆံရှာပြီး ရမှ လာတောင်းလှည့်။ နင်တို့နှစ်ယောက်ကို ငါမခွဲဘူး။ ဒါပဲ'

'ဟဲလို ဟုတ်ကဲ့ ပိုက်ဆံမတတ်နိုင်လို့ အမေတို့သမီးကို တစ်ယောက်တည်း ပြန်လွှတ်လိုက်ဆိုတာက အမေတို့သဘောထား၊ အမေတို့ရဲ့ဆန္ဒပါ။ ဒါပေမယ့် ဒီကိစ္စကို သူနဲ့ကျွန်တော်နဂိုကတည်းက ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပြီးသားပါ။ လောလောဆယ် ကျွန်တော့်မှာ ပိုက်ဆံ မတတ်နိုင်ဘူး။ သူလည်းသိပါတယ်။ အားလုံးလည်း သိပါတယ်။ နှစ်ယောက်အတူတူ အရာအားလုံးကို စွန့်လွှတ်ပြီး ဘဝကို ရင်ဆိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဖွတ်မိုတ်ပြီး ထွက်လာခဲ့ကြတာပါ။ ဒီတော့ ဒီကိစ္စမှာ ကျွန်တော်တို့ လူငယ်တွေဘက်က ရှင်းပါတယ်။ ပြတ်လည်း ပြတ်ပါတယ်။ အခုဟာက လူကြီးတွေ မျက်နှာမပျက်ရစေဖို့ အထူးသဖြင့် အမေတို့မိန်းကလေးမိဘတွေအနေနဲ့ ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမကျရစေဖို့ နှစ်ဦးနှစ်ဖက် သက်သက်ညာညာ ညှိညှိနှိုင်းနှိုင်းလေး ဖြစ်ရအောင် တိုင်ပင်နေတာပါ။ ဒါပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ လောလောဆယ် ကျွန်တော်က အမေတို့သဘောတူတဲ့ ငွေကြေးပမာဏကို မတတ်နိုင်သေးတော့ အမေ့သမီးကိုသေချာအောင် ထပ်မေးလိုက်ပါဦးမယ်။ သူက အမေ့

www.dhammaransi.com



တို့ဆန္ဒအတိုင်း လက်ခံတယ်၊ အိမ်ကိုပြန်နေမယ်ဆိုရင် ကျွန်တော် ကိုယ်တိုင်ပြန်လိုက်ပို့ပေးပါ့မယ်။ ပြီးတော့ နောက်တစ်ချက် အမေတို့ကို ကျွန်တော် အနူးအညွတ်မေတ္တာရပ်ခံကြည့်ချင်တာက အကယ်၍ အမေတို့လေ့လည်း မပျက်ရအောင် ကျွန်တော့မိဘကိုလည်း ငွေညှာရာရောက်အောင် ငွေ(၁၅)သိန်းလောက်နဲ့ လက်ခံပေးနိုင်မယ်ဆိုရင် . . . .'

'ဟဲ့ အကောင်း အေးလွင်ဦး နင်ငါ့ကို ဘာမှ လျှောက်လွှဲချက်တွေ လာပေးမနေနဲ့၊ ငါဘာမှ မကြားချင်ဘူး။ မိန်းမယူရင် ပိုက်ဆံလိုတယ်ဆိုတာ နင်အစကတည်းက တွေးမထားဘူးလား။ နင့်မှာ ဦးနှောက်မရှိဘူးလား။ အသိဉာဏ်မရှိဘူးလား။ နင့်မှာဘာအလုပ်အကိုင်ရှိလို့လဲ့ဟဲ့ တုံးအေရဲ့။ ငါ့သမီး လစာ တစ်လ ဘယ်လောက်ရတယ်ဆိုတာ နင်နားလည်းလား။ အလကားကောင်၊ အသုံးမကျတဲ့အကောင်။ ငါ့သမီး ပြန်လွှတ်လိုက်။ သူက ပြန်မလာဘူးဆိုရင် သေခန်းပြတ်ပဲလို့ပြောလိုက် ဒါပဲ။'

'ဟုတ်ကဲ့ပါ'

ဖုန်းပြောပြီးနောက် အေးလွင်ဦးသည် တမှိုင်မှိုင်တတွေတွေ ဖြစ်နေလေ၏။ ဒေါ်အေးနွဲ့ ခမျာမှာလည်း သားအတွက် ရတက်မအေးနိုင်ရှာဘဲ ဟိုဆွေမျိုးအိမ်သွား အကြံဉာဏ်တောင်းလိုက် သည်ဆွေမျိုးအိမ်သွား အကြံဉာဏ်တောင်းလိုက်ဖြင့် ပြာနေလေ၏။ မိခင်ကြီး၏သောကကို သိသော သမီးငယ် နွဲ့ဒါလီက-

'အမေရယ် ဒီကိစ္စအတွက် ဘာမှတွေးပူမနေပါနဲ့၊ သူတို့ ကိုယ့်သမီးကိုယ် မဆုံးမနိုင်လို့ ဘုန်းကြီးနဲ့ ခိုးရာလိုက်ပြေးတဲ့ ကိစ္စ၊ နစ်နာစရာရှိတော့မှ အမေက အနစ်နာခံရမှာလား။ အစတုန်းက မတားဘဲ လွှတ်ထားခဲ့ပြီး အခုမှ သေခန်း ဖြတ်တော့လည်း ဖြတ်ပစေပေါ့။ သူ့မိဘနဲ့ သူ့သားသမီး အချိန်တန်ရင် ပြန်ခေါ်လိမ့်မယ်။ ခေါင်းထဲကထုတ်ပစ်လိုက်စမ်းပါ အမေရယ်။ သူတို့သမီးမှ ဆုံးရှုံးတာ မဟုတ်ပါဘူး၊ အမေဘက်ကကြည့်ရင်လည်း အကြီးအကျယ် ဆုံးရှုံးတာပါပဲ၊ သံသရာနဲ့ချီပြီးတော့ကို ဆုံးရှုံးတာပါ။ ဒီတစ်ခါ ဖုန်းပြောရင် သမီးကိုပေး၊ သမီးပါးစပ်နဲ့တွေ့မယ်၊ အလကား သာသနာဖျက်တွေ'

ဟု ဒေါသအလျှောက် ကြိမ်းဝါးပြောဆိုလေ၏။ ထိုအခါ ဒေါ်အေးနွဲ့က-

'ဟဲ့ မိနွဲ့ဒါလီ ညည်း ကလေး ကလေး လိုနေစမ်း၊ လူကြီးတွေကိစ္စ ဝင်မရှုပ်စမ်းနဲ့။ ဒီမှာ ငါခေါင်းရှုပ်နေရတဲ့အထဲ။ ညည်းက တစ်မျိုး။ ညည်းပြောသလို ကက်ကက်လန် ရန်တွေ့တိုင်း အဆင်ပြေသွားမယ့်ကိစ္စဆိုရင် ငါလည်း ပါးစပ်ပါတာပဲ။ ပြောတတ်တာပေါ့ အေ့။ ဟိုဘက်ကလည်း ဝမ်းနဲ့လွယ်မွေးထားရတဲ့ မိဘပဲ။ ငါ မိဘချင်းကိုယ်ချင်းစာတယ်။ ငါ့သားကိုလည်း ဘုန်းကြီးလူထွက်ဆိုပြီး

www.dhammaransi.com



မျက်နှာအငယ်မခံဘူး။ ဒီတော့ ဒီကိစ္စ ရအောင် ငါဖြေရှင်းမယ်။ ညည်းအသာ နေ'

ဟု ဆိုကာ ငေါက်လိုက်လေ၏။ နွံ့ဒါလီသည် မျက်နှာကို ရှုံ့မဲ့လျက်-

'သမီးတို့ အကိုကြီးက ကျန်တဲ့နေရာမှာ တော်သလောက် ဒီနေရာမှာတော့ ညံ့, ဖျင်း အ, နနေတာပဲ၊ မ,ဘက်လိုက် မိုက်ဖက်ပါ ဆိုတာ ဒါမျိုးကို ပြောတာနေမယ်'

ဟု ဆိုကာ ငြိမ်နေလေ၏။

ထို့နောက် ဒေါ်အေးနွဲ့သည် အဖေကြီး ရှိစဉ်ကတည်းက အိုစာမင်းစာအဖြစ် စုဆောင်း ထားသော အတွင်းပစ္စည်းများကို ထုခွဲရောင်း ချ၍လည်းကောင်း၊ ခြံကွက်ယာကွက်များကို ပေါင်နှံ၍လည်းကောင်း၊ လိုအပ်နေသေးသည် များအတွက် ငွေတိုးချေး၍လည်းကောင်း ရသမျှ ကို စုပေါင်းလိုက်ရာ (၂၆)သိန်းတိတိ ရလေ၏။ ထိုငွေများမှ (၂၅)သိန်းကို အထုပ်ထုပ်လျက် တစ်သိန်းအုပ်ကို ဘေး၌ချကာ အေးလွင်ဦးတို့ ဇနီးမောင်နှံအားခေါ်လိုက်၏။

'ကဲ သားနဲ့ သမီးတို့ ရွာထဲက လူတွေ ကတော့ မိန်းကလေးကို သူ့အမေအစီအစဉ် အတိုင်း ပြန်လွှတ်ပြီး၊ အေးလွင်ဦးကို ဘုန်းကြီး ပြန်ဝတ်ပေးဖို့ဘဲ အကြံပြုကြတယ်။ တိုက်တွန်း ကြတယ်။ သူတို့ကလည်း နှမြောကြတာကိုး။ အမေကတော့ သားသမီးချင်း ကိုယ်ချင်းစာပါ တယ်။ ဒီလိုမလုပ်ရက်ပါဘူး။ ဒါပေမယ့် အမေ ပိုက်ဆံရှာနေတာနဲ့ အချိန်နန်နဲ့တော့ နောက်ကျသွားတယ်ကွယ်။ ဒီမှာ ငွေ(၂၅)သိန်း။ ဒါက သားတို့သမီးတို့ ဟိုကိုသွားရမယ့် လမ်း စရိတ် တစ်သိန်း။ ဟိုရောက်ရင် (၁၅)သိန်းက သတို့သမီး မိဘကို သူတို့ခလေ့အတိုင်း ကန် တော့။ ကျန်တဲ့(၁၀)သိန်းကို မင်္ဂလာဆောင် စရိတ်အဖြစ်သုံး။ အမေက ဆင်းရဲလွန်းလို့ ဒီလောက်နဲ့ပဲ ကျေနပ်ပေးပါလို့လည်း အေးလွင်ဦး က သေသေချာချာ တောင်းပန်လိုက်ဦး ကြား လား။ ခရီးဝေးလွန်းလို့ လူကြီးတွေ လိုက်မလာ နိုင်တာကိုလည်း ခွင့်လွှတ်ပါလို့ ပြော။ တကယ်တော့ စာတတ်ပေတတ် ဘုန်းကြီး တစ်ပါး လူထွက် မိန်းမရသွားတယ်ဆိုရင် တစ်ဖက်က ရွှေတောင်ကြီး တစ်ခုလုံး ပြိုကျ သွားသလိုခံစားရပေမယ့် တစ်ဖက်မှာတော့ ဘာမှ သုံးမရတဲ့ကောင်ကို ရလိုက်သလို ခံစား ရတာ ဓမ္မတာပဲ။ ဒါကြောင့် အေးလွင်ဦးက ယောက္ခမရွာရောက်လို့ရှိရင် လိမ်လိမ်မာမာ ကြိုး ကြိုးစားစားနဲ့ နေနော်။ ဘုန်းကြီးစိတ်နဲ့ မနေနဲ့။ အစွယ်ကျိုးတဲ့ မြွေ အမောက်ကြွေတဲ့နဂါးလို နှိမ့်နှိမ့်ချချနဲ့နေရမယ်။ ကဲ ကဲ ရှေ့ ရှေ့ သွားဖို့ လာဖို့ ပြင်' ဟု ဆိုကာ ပိုက်ဆံထုပ် များကို ရှေ့သို့တွန်း လိုက်လေ၏။

ဒေါ်အေးနွဲ့၏ စကားဆုံးသောအခါ ခေါင်းငုံ့၍ နားထောင်နေသော အေးလွင်ဦးက-

www.dhammaransi.com



'အမေရယ် ဒီပိုက်ဆံတွေကို အမေ ဘယ်လိုရှာပြီးမှ ရထားတယ်ဆိုတာ သားသိပါတယ်။ တစ်ဖက်မှာ သောင်ထွန်းဖို့ တစ်ဖက်မှာ ကမ်းပြိုပေးရတယ်ဆိုတာ ဒီနေရာမှာ မဖြစ်သင့်ပါဘူး။ ပြီးတော့ ညီမလေး ရှေ့ရေးနဲ့ အမေ့ကျန်းမာရေးကလည်း ရှိသေးတယ်။ ဒါကြောင့် သားရဲ့တစ်နေ့တာ မင်္ဂလာပွဲခြိမ့်ခြိမ့်သဲဖို့ အမေဘဝအပျက်မခံပါနဲ့။ ဒီငွေတွေကို သားဘယ်လိုနည်းနဲ့မှ မယူရက်ပါဘူး'

ဟု ပြောမည်ကြံရွယ်ပြီးကာမှ ဘေးတွင်ယှဉ်လျက် ထိုင်နေသော ဇနီးချောလေး၏ မျက်နှာကို တစ်ချက်ငဲ့စောင်းကြည့်ကာ လက်ကိုငွေထုပ်ရှိရာသို့ ဆန့်တန်းလိုက်လေ၏။

အေးလွင်ဦးတို့လင်မယား အိမ်မှ ပြန်လည် ထွက်ခွာသွားပြီးသည့်နောက်တွင် ဒေါ်အေးနွဲ့မှာ မည်သို့ဖြစ်လေသည်မသိ၊ လူစုစု ရှိရာအရပ်သို့ ရှောင်ကြဉ်လာလေ၏။ အထူးသဖြင့် ရွာဦးဘုန်းတော်ကြီးကျောင်းဘက်သို့ ခြေဦးပင် မလှည့်တော့ချေ။ ဥပုသ်လည်း မစောင့်တော့၊ တရားလည်း မနာတော့။ အလှူအတန်းများမှ ဖိတ်လျှင်လည်း မလိုက်တော့။ သို့ရာတွင် တင်နေသော အကြွေးများကို အကြေပေးဆပ်ရန်ကား ကြိုးစားနေရသေး၏။ ထို့နောက် မကြာမကြာ အမောဖောက်လာတတ်သဖြင့် အခြေအနေအရ ပေါင်ထားသောခြံကွက်ယာကွက်များကို ဈေးဖြတ်၍ အပြတ်ရောင်းလိုက်ရလေ၏။ သို့သော် ထိုငွေပမာဏမှာ အတိုးနှင့်ယူထားသော အကြွေးများကို ပေးဆပ်ရန်မျှသာ လုံလောက်လေ၏။ သူ၏ ကျန်းမာရေးအတွက် ဆေးကုသစရိတ် မကျန်တော့ပေ။ ထို့ကြောင့် ဒေါ်အေးနွဲ့၏ ဘဝနေဝင်ချိန်သည် မလှပရှာခဲ့။ ဆင်းဆင်းရဲရဲနှင့်သာ အဆုံးသတ်သွားရလေတော့၏။

အသုဘအသံချဲ့စက်ဆီမှ ဟသ်ာတထွန်းရင်၏ သီချင်းသံ လွင့်ပျံလာလေ၏။

"မွေးမေပေးသော အသဲကိုယူကာ ကလျာ နွဲ့နှောင်းဆီ အပြေးလာ ခိုက်ဝယ်၊ ခရီးလမ်းမ ဗွေအလယ်၊ ခလုတ်ကန်သင်း တိုက်ကာလဲ။ အမေ့အသဲနှလုံး လွင့်ကာ... ကျတယ်။ အသဲနှလုံးက စကားပြောလာပြီကွယ်။ (သားလူလေး ဘယ်များနာသွားသေးလဲ သားရယ်)"

ဝေဝါးနေသော အေးလွင်ဦး မျက်ဝန်းအစုံမှ မျက်ရည်ပေါက်ကြီးများသည် ဒေါ်အေးနွဲ့၏ ခြေထောက်အစုံပေါ်သို့ ခုန်ချသွားလေတော့သည်။ ထိုမျက်ရည်ပေါက်ကြီးများထဲ၌ အေးလွင်ဦးပြောချင်သမျှသော စကားလုံးများ ပါသွားလေ၏။ ထိုစကားလုံးများ၏ အနက်အဓိပ္ပါယ်ကိုကား အေးလွင်ဦးကိုယ်တိုင် မှ တစ်ပါး အခြားမည်သူမှ သိနိုင်လိမ့်မည်မဟုတ်ပေ။

*ပြည့်သခင်*

www.dhammaransi.com



# ကျန်းမာနေ၍ လှပါသည် (၁)

၁၉၈၆၈

တက္ကသိုလ်လှမောင် (ရေတာရှည်)

**ကျန်းမာအောင်နေပါ**

ကျန်းမာအောင်နေလျှင် လှပနေမည်သာ ဖြစ်ပါသည်၊ ပဋိသန္ဓေကာလကပင်ပါလာသော ကံရုပ်ကလေးကလည်း ကောင်းသည့် ကံများဖြစ်၍ ဆက်လက်စောင့်ရှောက်သွားပါမှ ချွတ်ယွင်းပျက်စီးခြင်း ဒုက္ခိတဖြစ်သွားခြင်းမှ ကင်းဝေးလေမည်၊ မကောင်းတဲ့ကံလေးတွေ ကျူးလွန်နေလျှင် ရုပ်ကလည်း မကောင်းတဲ့ ကံရုပ်ကလေးတွေ ဖြစ်ပေါ်နေမည်။ အရက်သောက်သည့်ကံများ ကျူးလွန်လျှင် ရုပ်ကလည်း မကောင်းတဲ့ကံရုပ်ကလေးတွေ ဖြစ်ပေါ်နေမည် အရက်သောက်သည့် ကံများ ကျူးလွန်လျှင် အရက်ရုပ်ပေါက်သွားမည်သာ ဖြစ်ပါသည်၊ စိတ်ကလေးသည်လည်း ထိုနည်းလည်းကောင်းပါပင်၊ စိတ်ကြောင့် ဖြစ်သည့် စိတ္တဇရုပ်ကလေးတွေရှိသည်၊ ဒေါသစိတ်ကြောင့် ပေါ်လာသော ဒေါသရုပ်သည် မျက်နှာကြီးနီမြန်းကြမ်းတမ်းပြီး ကြောက်ဖွယ်ကောင်းနေပါလိမ့်မည်၊ ဥတု သပ္ပါယမဖြစ်သောအခါ ရုပ်တွေပြောင်းရသည်၊ ပူအိုက်လွန်းသောအခါ ရုပ်တွေမလန်းဆန်း ညှိုးနွမ်းရ၏။

အသက်ကြီးလာလဲ ခွန်အားလေးတွေ ကျန်နေပါသေးသည်၊ ဘဝလက်ကျန်လေးတွေမှာ အလင်းအလက်ကလေးတွေရှိနေပါသေးတယ်၊ အသက်ကလေးကြွင်းကျန်ပါသေးတယ်၊ အဲဒီအကြွင်းအကျန်လေးကို အသုံးချတတ်ရပါမယ်၊ ဘဏ်မှာလက်ကျန်ငွေလေး ရှိနေသေးတယ်၊ အသုံးချလို့ရသေးတယ်၊ လက်ကျန်မရှိ ပြောင်တလင်းခါ စာရင်းပိတ်ပိုက်ပြီဆိုရင် ဘာသွားအသုံးချတော့မလဲ၊ လက်ကျန်ငွေလေးရှိတုန်း ကြိုးစားပြရမှာ၊ ဒါဆိုရင် လက်ကျန်လေးတွေ ဘယ်လိုအသုံးချမလဲ၊ ကိုယ့်မှာရှိနေတဲ့ ခွန်အားဗလတွေကို ရော ဘယ်လိုအသုံးချမလဲ၊ ဗလကြီးကျားကိုးစီးစားမကုန်လည် လူဆိုးကြီးဘဝနဲ့ ကျင်လည်နေတယ်ဆိုရင် ကောင်းမလား၊ အင်အားဆိုတာ တရားတဲ့ဘက်မှာ ကောင်းတဲ့ဘက်မှာ အသုံးချရပါတယ်၊ ခွန်အားတွေရှိဖို့ ကိုယ်ခန္ဓာ

www.dhammaransi.com



ကျန်မာရေးရော စိတ်ကျန်းမာရေးရော ရှိမှ ဖြစ်မယ်။

စိတ်ကိုငြိမ်အောင်ထိန်းထားလေ အေးလေ ရောဂါဖြစ်ရန်မလွယ်လေဖြစ်သည်၊ ထို့ကြောင့် အကောင်းဆုံးသော စိတ်ငြိမ်စေနည်းမှာ တရားရှုမှတ်ခြင်း၊ ဝင်လေထွက်လေရှုမှတ်ခြင်းဖြစ်သည်၊ တရားမှတ် တရားအားထုတ်ခြင်းဖြစ်သည်၊ ထို့အတူ Social Religious Works ခေါ် လူမှုရေး ဘာသာရေး ဆက်နွယ်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကလည်း စိတ်ကိုကျန်းမာကြံ့ခိုင်စေမှာဖြစ်ပါတယ်။

Grow old ခေါ် နှစ်ကာလကြာမြင့်တိုင်း အိုမင်းလာခြင်းမဟုတ်၊ Grow up ခေါ် အသိဉာဏ် တွေးခေါ်မှု အဆင့်မြင့်တက်လာခြင်းသည်လည်း နုပျိုခြင်းဖြစ်သည်၊ နှစ်ပရိစ္ဆေဒတို့သည် လူတို့၏အရေပြားများ ညှိုးလျော် ရှုံ့တွသွားအောင်လုပ်နိုင်သော်လည်း စိတ်ဓာတ်များကို ထိုသို့ ဖြစ်သွားအောင် မလုပ်နိုင်၊ စိုးရိမ်ကြောက်ရွံ့စိတ် မိမိကိုယ်ကို မယုံကြည်စိတ်စသည်တို့က လူတိုင်း၏နှလုံးသားကို ထုရိုက်ပျက်စီးစေကာ စိတ်ဓာတ်များကို ဖုံမှုန့်များဖြစ်သွားအောင် နင်းချေပစ်ကြလိမ့်မည်၊ ယင်းတို့က အသက်အရွယ်မရွေး လူတိုင်းကို အိုမင်းခြင်း ဖြစ်စေလိမ့်မည်။

ရောဂါဖြစ်တဲ့အခါ ဗောဇ္ဈင်သုတ်ဆိုတာရှိတယ်၊ တရားမှာစိတ်ရောက်သွားတဲ့အခါ ရောဂါတွေပျောက်သွားတယ်၊ မြတ်ဘုရား ဗောဇ္ဈင်သုတ်ဒေသနာနဲ့ ဖြေရှင်းခဲ့တယ်၊ ခန္ဓာကိုယ်မှာပျောက်တာ ဟုတ်ချင်မှဟုတ်မယ်၊ စိတ်မှာရောဂါပျောက်သွားတယ်၊ ရောဂါဝေဒနာမခံစားရအောင် စိတ်က ဗောဇ္ဈင်(၇) ပါးနဲ့ လေ့ကျင့်ရမယ်။

လောကကြီးမှာ ကျန်းမာနေအောင်နှင့် လှပနေအောင် အမြဲပဲပြုပြင်ဆင်ယင်နေကြရတာပါပဲ၊ ကျန်းမာနေအောင်လှနေအောင်ဆိုရင် ရုပ်လှဖို့လည်းပြင်ရတယ်၊ စိတ်လှဖို့လည်းပြင်ရတယ်၊ အလှပြင်တယ်ဆိုတော့ လောကီနယ်ပယ်မှာဖြစ်လေတော့ လောကီတရားကာမဂုဏ်တရားတို့ဖြင့်သာပြုပြင်နေရပါ၏၊ ကျန်းမာဖို့နှင့်လှဖို့ပဲ အရေးကြီးတယ်မဟုတ်လား၊ ရွှံ့ညွှံအားကောင်းလေ ကြာပန်းသည် လှလေဖြစ်သကဲ့သို့ ကာမဂုဏ်အစွမ်းတွေအားကောင်းလေ ဘဝသည်လှလေဖြစ်ပါ၏၊ ထို့ကြောင့် ဆင်းရဲသားဘဝထက် သူဌေးဘဝကပို၍လှ၏၊ သူဌေးဘဝထက် ပြည့်ရှင်မင်းဘဝက ပို၍လှသည်၊ ထို့ကြောင့် ဘဝကိုလှသည်ထက် လှအောင်ကြိုးပမ်းသွားရမည်ပဲ

www.dhammaransi.com



ဖြစ်ပါသည်။

အပြင်ကရုပ်ကလေးလှရုံနဲ့ စိတ်ကလေး လှလိမ့်မယ်လို့ မထင်ပါနဲ့၊ အတွင်းအဇ္ဈတ္တ ဖြစ်တဲ့ စိတ်ကချောလှမှသာ အချောအလှလို့ ခေါ်သင့်ပါတယ်၊ အပြင်ပန်းက ချောလှရုံလေး နဲ့ အချောအလှစာရင်းမှာမသွင်းကြပါနဲ့၊ ဘုရား ရှင်ကလည်း အတွင်းစိတ်ကလေးချောမှ လှမှသာ လောကကြီးအလယ်မှာ တကယ် ချောလှသူလို့ ခေါ်သင့်ကြောင်း မိန့်တော်မူ ထားပါတယ်။

နေတ္တိကာ၊ သမအာဇီ၊သက်မွေးမှီလျှက်၊ ဝသီမူဟောင်း၊ ရှေးသူတော်လမ်းကြောင်းဖြင့်၊ မြောင်းကိုသွယ်စား၊ လယ်သမားတို့သည် ဥဒကံဟိ အသက်မရှိတဲ့ရေကိုပင်လျှင် နယန္တိ လိုရာသွယ်သွင်း၊ လယ်အတွင်းသို့ ပို့သွင်းနိုင် ကြလေကုန်၏။

ဉသုကာရော ရဲစိတ်ရဲမာန် ခက်ထန်မာ ကြွား မြှားသမားတို့သည် တေဇနံ အသက် မရှိတဲ့ မြှားကိုပင်လျှင် နမယန္တိ မီးတွင်ထိုး မြိုက်၊ အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့် စင်း၍ပေးနိုင်ကြကုန်၏။

တစ္ဆကာ သစ်ရွေသမား လယ်သမားတို့ သည် ဒါရုံ အလိုအလျောက်တောတွင်ပေါက် သည့် သစ်ကောက်သစ်ရိုင်းကို နမယန္တိ အဖြောင့်အကောက်လိုသလောက်ပင် ကိုယ့် နောက်ပါအောင်ဆွဲဆောင်နိုင်ကြကုန်၏။

ပဏ္ဍိတ ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတ တွင်ခေါ် ပညာကျော်တို့သည် အတ္တာနံမိမိ ကိုယ်ကို ဘတ္တာနံ၊ ရာဂတည်းဟူ ကိလေမြူ တို့ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို ဒမယန္တိ လယ်သမားကိုစံထား၊ မြှားသမားကိုပုံယူ၊ သစ်ရွေသူကိုအားကျ၊ ဓမ္မကြိုးကုတ် သမ္မ ပဓာန်လုံ့လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မ ဆေးဖြင့် ယဉ်ကျေးအောင်ထုံးပြ၍ ဆုံးမ သွန်အသင် အလှဆုံးပြင်ဆင်နိုင်ကြပါကုန်၏။

လူ့ကျန်းမာရေးနဲ့ပတ်သက်လို့ သွေးဟာ အရေးကြီးပါတယ်၊ ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးအသက်ရှင်ဖို့အတွက်နဲ့ သက်ဆိုင်ရာ လုပ်ငန်းတွေလုပ်နိုင်ဖို့အတွက် အောက်စီဂျင်နဲ့ အာဟာရဓာတ်တွေလိုပါတယ်၊ ဒါတွေကို သွေးကခန္ဓာကိုယ်အတွင်းမှာ လှည့်ပတ်ပြီးပေးပို့ ရပါတယ်၊ သွေးကြောတွေထဲစီးဆင်းပြီးပေး ပို့ရတယ်၊ သွေးဟာခန္ဓာကိုယ်အတွင်းမှာ လှည့်ပတ်ပြီး ကလာပ်စည်း Cell လေးတွေ ကို အစာကျွေးနေရတယ်၊ လိုအပ်တဲ့အောက် စီဂျင်ဓာတ်ကလေးတွေ လိုက်ဖြည့်ပေးနေရ တယ်၊ သူ့ရဲ့ခရီးလမ်းကြောင်း ဖြောင့်ဖြောင့် ဖြူးဖြူး မရှိဘူးဆိုရင် cell လေးတွေအစာ

www.dhammaransi.com




ငတ်ပြတ်ပြီး ဒုက္ခရောက်တော့တာပဲ၊ ရောဂါတွေဝင်ပြီ၊ ကျန်းမာရေးချို့ယွင်းသွားပြီ၊ အဲဒီ သွေးတွေ ခန္ဓာတွင်းလှည့်ပတ်သွားလာနေနိုင်တာ ဘာကြောင့်လဲ၊ ဆေးပညာအရတော့ နှလုံးကနေညှစ်ထုတ်ပေးလိုက်တယ်ဆိုပါတယ်၊ ဘာသာတရားအရတော့ စိတ်ကြောင့်သွားလာလှုပ်ရှားနေရတာ၊ နှလုံးကိုဘယ်သူက သွေးညှစ်ထုတ်ဖို့ တာဝန်ပေးထားလို့လဲ၊ စိတ်ကလေးကဝါယောဆိုတဲ့ လေကိုတွန်းထိုး ပို့ဆောင်ပေးလိုက်ပါလို့ ခိုင်းတယ်၊ နှလုံးလေးကခိုင်းတဲ့အတိုင်း လုပ်လိုက်ရတာပဲ၊ နှလုံးလေးကလည်း ရုပ်တရားပဲ၊ သူ့ဘာမှ မလုပ်တတ်ဘူး၊ ဘာမှ မသိဘူး၊ သွေးလေတွေက မသွားမလာမလှုပ်ရှားတတ်ပါဘူး၊ သူကအာပေါဓာတ်ရုပ်တရားလေးပဲ၊ ဝါယောဆိုတော့ ဓာတ်ကလေးက သူ့ကိုတွန်းပို့လှုပ်ရှားသွားလာစေတာပဲ၊ စိတ်ကလေးကြောင့်လည်း သွေးကလှုပ်ရှားရတယ်၊ စိတ္တဇဝါယောလို့ ခေါ်တာပေါ့၊ စိတ်ကြောင့်ဖြစ်လာတဲ့လေ ဝါယောဓာတ်။ ဒါကြောင့် အသက်မရှိတော့တဲ့ လူမှာသွေးတွေဆုတ်ယုတ်ရပ်ဆိုင်းသွားတယ်၊ လူသေကောင်မလှုပ်တော့ဘူး၊ ဒီတော့ သွေးလှုပ်မှ လူလှုပ်တယ်နော်၊ သွေးမလှုပ်ရင်လူ မလှုပ်တော့ဘူး၊ သေသွားတာပဲ၊ ဒါကြောင့် သွေးလေးတွေ မှန်မှန်ကန်ကန် လှည့်ပတ်လှုပ်ရှားနေဖို့ လိုပါတယ်၊ သွေးလေမှန်ရမယ်၊ သွေးနဲ့လေမှန်ရမယ်၊ သွေးကျန်းမာနေရမယ်၊ သွေးသန့်စင်ကြည်လင်နေရမယ်၊ သွေးသန့်ဖို့ဆိုရင် ရုပ်နဲ့လဲဆိုင်တယ်၊ စိတ်နဲ့လဲဆိုင်တယ်၊ ရုပ်ဆိုတာထုံးစံအတိုင်း ဖောက်ပြန်တတ်တယ်မဟုတ်လား၊ ဓာတ်ကြီးလေးပါးဖောက်ပြန်မှုက သွေးကို အမျိုးမျိုး ပြောင်းလဲသွားစေတယ်၊ သွေးအသွားအလာတွေသိပ်မြန်နေရင် သွေးနံ့ရုံတွေ ဆောင့်တွန်းပြီး သွေးတိုးရောဂါတွေဖြစ်လာမယ်၊ သိပ်နှေးပြန်ရင်လည်း အားမရှိတော့ပဲ သွေးကျရောဂါဖြစ်မယ်၊ သိပ်အေးရင်လဲ သွေးတွေခဲပြီး အသက်ဆုံးရှုံးနိုင်တယ်၊ သိပ်ပူပြန်ရင်လည်း ရောဂါမျိုးစုံဝင်လာဦးမယ်၊ သွေးကျဲရောဂါတို့၊ သွေးကျစ်တာတို့ သွေးဖြူဥများသွားတာတို့ သွေးကင်ဆာတို့ဖြစ်မယ်၊ သွေးအရောင်တွေကလည်း တစ်သမတ်တည်း မရှိပါဘူး၊ ဒေါသထွက်နေသူတစ်ယောက်ရဲ့ သွေးဟာ နီရောင်သန်းနေပါတယ်၊ ကိလေသာ ညစ်ညူးရင် သွေးလဲညစ်ညူးသွားတာပဲ၊ ဒေါသသမားတွေအရက်သမားတွေဟာ သွေးဆိုးတတ်ကြပါတယ်၊ သူတော်ကောင်းတွေရဲ့ သွေးကျတော့ သန့်စင် ကြည်လင်နေပါတယ်။

**တက္ကသိုလ်လှမောင်(ရေတာရှည်)**

www.dhammaransi.com



# မှန်မြတ်သောသီလ



ဖျာပုံသိန်းသန်းအောင်

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ကို အမြဲ ဦးချ ရှိခိုးကြသည်။

နံနက်အာရုဏ်ဦး အလင်းရောင်ရောက်စပြုသည်နှင့် ဘုရားဝတ်ပြုပူဇော်သည်။ တဖန်ညအိပ်ယာဝင်စရောက်ပြန်တော့လည်း အမှုမဲ့၊ အမှတ်မဲ့မနေဘဲ ဘုရားဝတ်ပြုရှိခိုးပြီးမှ အိပ်ကြသည်။ ထို့ပြင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကိုလည်း ဆောက်တည်ကြသည်။ သီလဆောက်တည်ကြရာ၌ မကျိုးမပေါက်အောင် အထူးဂရုစိုက်ဆောက်တည်ကြသည်။

သီလဟူသည် ကောင်းသောအကျင့်ဖြစ်၏။ ကောင်းသောအကျင့်ဆိုသည်မှာလည်း

- ကောင်းစွာထားရှိခြင်း၊
- ကောင်းစွာလုပ်ဆောင်ခြင်း၊

ဟူ၍ (၂)မျိုးရှိသည်။

ကောင်းစွာထားရှိခြင်းဆိုသည်မှာ ကာယကံ၊ ဝစီကံမှုတို့ကို ကောင်းစွာထားရှိခြင်းဖြစ်၏။ သီလစောင့်ထိန်းခြင်းမရှိသောသူ၏ကာယကံ၊ ဝစီကံတို့သည် အထိန်းအကွပ်ကင်းမဲ့နေသော ချည်ခင်ကဲ့သို့ ဖရိုဖရဲဖြစ်နေတတ်သည်။ သီလတရားကို မြဲမြန်စွာ စောင့်ထိန်းသောသူသည် ကာယကံမှု၊ ဝစီကံမှုတို့လည်း ဖရိုဖရဲမဖြစ်၊ တည်ငြိမ်စွာ ရှိနေတတ်သည်။ စိတ်နေစိတ်ထား ခက်ထန်ကြမ်းတမ်းသောသူသည် သီလဆောက်တည်ထားစဉ် အခြားသူတစ်ယောက်ကမခံနိုင်အောင် အပြစ်

www.dhammaransi.com



တင်လာရောက်ပြောဆိုနေစေကာမူ အတုံ့အပြန် လက်စားချေမှု ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှု မဖြစ်စေရန် ကောင်းမွန်စွာထားနိုင်မည်ဖြစ်သည်။ ထိုသူသည် သီလ ဆောက်တည်ထားခြင်းမရှိလျှင် ယင်း၏ ကာယကံမှု၊ ဝစီကံမှုသည် တားမရနိုင်၊ သောင်းကျန်းမှုလွန်ကျူးမှုပြုလုပ်ရန် သေချာနေသည်။

မိမိပြုလုပ်သောကုသိုလ်တို့သည် သီလနှင့်မကင်းနိုင်ကြပါ။ သီလနှင့်ပြည့်စုံသူတို့၏ သန္တာန်၌ ကောင်းစွာဖြစ်နိုင်သည်။ ထို့ကြောင့် သီလသည် ကုသိုလ်ဟူသမျှတို့၏ မူရင်းအကြောင်းပင်ဖြစ်၏။ ထို့ပြင် ကုသိုလ်တရားများ ဖြစ်အောင်လည်း လုပ်ဆောင်တတ်သည်။ ဒါန၊ သီလ၊ ဘာဝနာ အကျင့်လမ်းစဉ်တို့တွင် ဒါနကို ရှေးဦးစွာထားကြသည်။ သို့သော် သီလကို အခြေခံပြုလုပ်သော ကုသိုလ်သည် ပိုမိုအကျိုးပေးကောင်း၏။ ထို့ကြောင့် လှူတန်းပွဲများတွင် ပြုသမျှကုသိုလ်တို့ကို ရေစက်မချမီ သီလခံယူပြီးမှ ရေစက်ချအမျှပေးစေသောအစဉ်အလာပေါ်ပေါက်လာခဲ့သည်။

သီလသည် အဆင်းမရှိသော်လည်း သီလစောင့်ထိန်းသူအား လှပတင့်တယ်စေ၏။ သီလသည် အနံ့မရှိသော်လည်း လေအောက်၊ လေညာအရပ်မျက်နှာအားလုံးသို့ မွှေးကြိုင်ပျံ့လွင့်စေသည်။ သီလစောင့်ထိန်းသူ၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးသို့ မွှေးကြိုင်စေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဓမ္မပဒပါဠိတော်၌-

"စန္ဒကူးအနံ့သည်လည်းကောင်း၊ တောင်ဇလပ်ပန်းအနံ့သည်လည်းကောင်း၊ ကြာညိုပန်းအနံ့သည်လည်းကောင်း၊ မြလေးပန်းအနံ့သည်လည်းကောင်း ရှိကြပါ၏။ ထိုပန်းရနံ့အမျိုးမျိုးတို့ထက် သီလရနံ့သည်သာ အတုမရှိမြတ်၏။ တောင်ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏ အနံ့သည် မပြောသလောက် အနည်းငယ်မျှသာဖြစ်၏။ သီလရှိသူ၏အနံ့သည် ထူးကဲလွန်မြတ်သဖြင့် နတ်ပြည်ထိတိုင်လှိုင်၏။ ပန်းအနံ့သည် လေညာသို့မသွားပါ၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးသို့ ပျံ့နှံ့သွား၏။ သင်းရနံ့ကြိုင်လှိုင်သွား၏" ဟု မိန့်ကြားတော်မူခဲ့ပါပေသတည်း။

*ဖျာပုံသိန်းသန်းအောင်*

www.dhammaransi.com



# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ

## မင်း (သို့) သမ္မတ ဝန်းရံဝန်ကြီး၊ အမတ်တို့၏ ဂုဏ်အင်္ဂါ

ဖူးပွင့်ဝေ

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့"

တပည့်တို့ရေ တပည့်တို့ကို ဆရာမက ဒီနေ့ မင်း(သို့)သမ္မတကို ဝန်းရံထားတဲ့ ဝန်ကြီး အမတ်တွေအကြောင်းကို ရှင်းပြမယ်ကွဲ့၊ မင်းတို့ဒီအကြောင်းတွေကို သိကြရဲ့လားကွဲ့။

"မသိပါဘူး ဆရာမ"

အေးမသိသေးရင် ဆရာမပြောပြမယ်ကွဲ့၊ သေသေချာချာနားထောင်ကြနော်၊ ယနေ့တို့နိုင်ငံမှာ ရှေးကဘုရင်၊ မင်း၊ ယခုတော့ သမ္မတ အုပ်ချုပ်တာပေါ့ကွယ်၊ အဲဒီသမ္မတကိုဝန်းရံပြီး စောင့်ရှောက်ကူညီရတဲ့ သူတွေကိုတော့ကွယ် ဝန်ကြီး၊ အမတ်လို့ခေါ်တယ်ကွဲ့၊ ရှေးမင်းတွေ လက်ထက်မှာတော့ မင်းကိုဝန်းရံတဲ့ ဝန်ကြီး အမတ်ဆိုတာ (၁၄)ယောက်ရှိတယ်ကွယ့်၊ ယခုခေတ်ဝန်ကြီးအမတ်တွေလိုဘဲပေါ့ကွယ်၊ အဲဒီ (၁၄)ယောက်ကတော့-

၁။ မင်းတိုင်ပင်အမတ်- ယခုခေတ်သမ္မတ အကြံပေးဝန်ကြီးများပေါ့၊

၂။ စစ်သူကြီးအမတ်- ယခုခေတ်ကာကွယ်ရေး ဦးစီးချုပ်ပေါ့၊

၃။ တရားရေးအမတ်- ယခုပြည်ထောင်စု တရားသူကြီးချုပ်ပေါ့၊

၄။ လုံခြုံရေးအမတ်- ယခုပြည်ထဲရေး ပြည်ထောင်စုဝန်ကြီးပေါ့၊

၅။ မင်းအနီးကပ်လုံခြုံရေး-ယခုခေတ်သမ္မတ (သက်တော်စောင့်) ကိုယ်ရံတော်တပ်ပေါ့

www.dhammaransi.com



၆။ မင်းအနားအကြံပေးအမတ်- ယွန်ုခေတ် သမ္မတ၏ကိုယ်ရေးအရာရှိပေါ့

၇။ ငွေတိုက်အမတ်- ယွန်ုခေတ်ဘဏ္ဍာရေး ပြည်ထောင်စုဝန်ကြီးပေါ့၊

၈။ မြို့ရွာအမတ်- ယွန်ုခေတ်မြို့တော်ဝန်၊ ပြည်နယ်/တိုင်းဝန်ကြီးချုပ်ပေါ့၊

၉။ မြို့ရွာအများကြီးကြပ်ရေးအမတ်- ယွန်ုခေတ်မြို့နယ်အုပ်ချုပ်ရေးမှူးပေါ့၊

၁၀။ ထောက်လှမ်းရေး- ယွန်ုခေတ်အထူးစုံစမ်းစစ်ဆေးရေးအရာရှိချုပ်ပေါ့၊

၁၁။ တမန်တော်အမတ်- ယွန်ုခေတ် နိုင်ငံခြားသံအမတ်ကြီးများပေါ့၊

၁၂။ စာရင်းစစ်အမတ်- ယွန်ုခေတ်ပြည်ထောင်စုစာရင်းစစ်ချုပ်ပေါ့၊

၁၃။ လုံခြုံရေးဗိုလ်မှူးအမတ်- အနီးကပ်သမ္မတ၏ လုံခြုံရေးအရာရှိပေါ့၊

၁၄။ မှတ်တမ်းထိမ်းအမတ်- ယွန်ုခေတ် နိုင်ငံတော်ဝန်ကြီးဌာနအသီးသီး၏ ဆောင်ရွက်ချက်များကို မှတ်တမ်းထိန်းသိမ်းသောပုဂ္ဂိုလ်။

ရှေးမင်းများလက်ထက်တွင် အမတ်(၁၄)မျိုးခွဲခန့်ထားလေ့ရှိတယ်ကွဲ့။ ယွန်ုခေတ်မှာတော့ ဝန်ကြီးအသီးသီးကို တာဝန်အသီးသီးခွဲပေးထားပြီး ဆောင်ရွက်သလိုပေါ့ကွယ်။ ပြည်ထောင်စုလွှတ်တော်အမတ်၊ ပြည်သူ့လွှတ်တော်အမတ်၊ အမျိုးသားလွှတ်တော်အမတ်တွေ ရွေးချယ်ထားသလို ရှေးမင်းများလက်ထက်မှာလည်း ယွန်ုခေတ်လိုပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်အမတ်တွေ ရွေးချယ်ခန့်ထားလေ့ ရှိတယ်ကွဲ့။

အဲဒီလိုခန့်ထားတဲ့အမတ်တွေ ဝန်ကြီးတွေဟာ ဂုဏ်အင်္ဂါအသီးသီးရှိရတယ်ကွဲ့၊ မင်းသမ္မတကို ဝန်းရံတဲ့ဝန်ကြီးအမတ်တွေဟာ အောက်ပါအရည်အချင်း(၈)ချက်နဲ့ ပြည့်စုံရမယ်လို့ ဘုရားရှင်က ဟောကြားထားခဲ့တယ်ကွဲ့၊ အဲဒါကတော့ကွယ်-

၁။ ဗာဟုဿုတော -အကြားအမြင် ဗဟုသုတများရမယ်၊

၂။ သီလဝန္တော -အကျင့်သီလကောင်းရှိရမယ်၊

၃။ သူရော -အလုပ်လုပ်ကိုင်ရာမှာ ရဲစွမ်းသတ္တိ၊ ဇွဲသတ္တိရှိရမယ်၊

၄။ ဗဟုဿတော - လုံ့လထကြွမှု အားကောင်း

www.dhammaransi.com



ရမယ်၊

၅။ အက္ခဝိစော - မှုခင်းကိစ္စပြီးမပြီးနှင့် ပြီးမြောက်ရေးကို စစ်ဆေးခြင်း၊ လေ့လာခြင်း၊ ပြုတတ်ရမယ်။

၆။ ဗလခရော - ကိုယ်အား၊ ဉာဏ်အား နှစ်ပါးပြည့်စုံမှုရှိရမယ်၊

၇။ မိတိမာ - ဆန္ဒစသော အဂတိတရားလေးပါးကင်းရမယ်၊

၈။ ဝုမုဝိလာသော - ခန့်ငြား၊ ထည်ဝါ၊ ရှိသေသော ရုပ်အဆင်းနှင့် ပြင်ဆင်မှု၊ ဝတ်ဆင်မှု၊ ထယ်ဝါမှုရှိရမည်။

အဲဒီအင်္ဂါ(၈)ချက်နဲ့ ပြည့်စုံသူတွေမှသာ မင်း၊ သမ္မတရဲ့ အခြံအရံအစိုးရဝန်ကြီး၊ လွှတ်တော်အမတ်စသည့် ပြည်သူ့တာဝန်၊ တိုင်းပြည်တာဝန် ထမ်းဆောင်ရမယ်လို့ ဆိုတယ်ကွဲ့၊ မင်းတို့တွေလည်း ပညာတတ်ကြီးတွေဖြစ်ပြီး အဲဒီတာဝန်တွေကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်းတွေရှိအောင် ကြိုးစားရမယ်ကွဲ့။

အခုတော့ သားတို့သမီးတို့က ငယ်သေးလို့ ဒီအကြောင်းအရာတွေကို နားမလည်သဘောမပေါက်ပေမဲ့၊ သားတို့သမီးတို့ကြီးလာရင် ကိုယ်တိုင်လဲ အမတ်၊ ဝန်ကြီးဖြစ်မယ်၊ ကိုယ့်အပေါ်မှာလာပြီး အုပ်ချုပ်တဲ့ပုဂ္ဂိုလ်တွေရှိမယ်။ အဲဒီလိုရှိလာတဲ့အခါမှာ သားတို့၊ သမီးတို့က ဒီပေတံနှင့်တိုင်းကြည့်နိုင်ဖို့ မှတ်ထားကြကွဲ့၊ မင်းတို့မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေကိုလည်း ပြောပြကြကွဲ၊ ဟုတ်ရဲ့လား။

"ပြောပြပါမယ့် ဆရာမ"

"အေး ကောင်းပါပြီ"

ဒီနေ့တော့ ဒီလောက်နဲ့ပဲ ရပ်ကြစို့ကွဲ့။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

**ဖူးပွင့်ဝေ**



www.dhammaransi.com



# ချမ်းမြေ့ပြည့်စုံသောဘဝ

# Perfect Way of Living

ဦးအောင်သိန်းညွန့်
U Aung Thein Nyunt

**လောကဓမ်**

**Worldly Conditions**

လောကရှိ သတ္တဝါမှန်သမျှ ကေန်ကြုံတွေ့ရမည့် ဓမ္မတာဖြစ်သောကြောင့် "လောကဓမ်" ဟု ခေါ်ရသည်။

It is called "worldly conditions" because every sentient being in the world have to face it with certainty.

လာဘ်ရခြင်း၊ အခြံအရံအကျော်အစောရှိခြင်း၊ ချီးမွမ်းခံရခြင်း၊ သုခခံစားရခြင်း ဟူသော နှစ်သက်ဖွယ်လောကဓမ်လေးမျိုးနှင့် ကြုံတွေ့ရသည့်အခါ နှစ်သက်သည့်အတိုင်းပင် မှောက်မှောက်မှားမှား ခံစားကြရသည်၊ လာဘ်မရခြင်း၊ အခြံအရံကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဒုက္ခကြုံတွေ့ခြင်းဟူသော မနှစ်သက်ဖွယ်လောကဓမ်လေးမျိုးနှင့် ကြုံတွေ့ရသည့်အခါတွင်လည်း မနှစ်သက်သည့်အတိုင်း အရူးမီးဝိုင်း ခံစားကြရပြန်သည်။

When facing with the favourable four ways of the mundane world or Worldly Conditions such as gain, fame, praise and happiness, most of people encounter them erroneously as they are pleased with them; similarly, when meeting with the four unfavourable ways of the mundane world or Worldly Conditions such as loss, dishonour, blame and suffering most of the people feel fraught with unhappiness very very frantically.

လောကဓမ်တရားများ နားနေသည်ဟူ၍ မရှိ၊ ကြုံတိုင်းကြုံတိုင်း သတိဉာဏ်တို့ဖြင့် မတုန့်ပြန်တတ်လျှင် တုန်လှုပ်ရ၏၊ စိတ်ညစ်ပူပန်ရ၏။ မအေးချမ်းမငြိမ်သက်တော့ချေ။

The Worldly Conditions arise every time, every place and every one has to experience them every day; when not confronted with them wittily and mindfully, most of the people have to feel depressed and suffer from stress and strain.

www.dhammaransi.com



အကြိုက်လောကဓံနှင့် ကြုံတွေ့ရသည့်အခါ အသိရခက်လောက်အောင် ခံစားရတတ်၏၊ လာဘ်ရသည့်အခါ အခြွေအရံအကျော်အစောရှိလာသည့်အခါ ချီးမွမ်းခံရသည့်အခါ ကိုယ်စိတ်နှစ်ပါးတို့ ပြည့်စုံချမ်းသာသည်ဟု ထင်ရသည့်အခါတို့၌ ဝတ်စားနေထိုင် ပြောဆိုလုပ်ကိုင်ပုံတို့ ပြောင်းလဲကာ အောက်ခြေလွတ်သည်ကိုပင် လွတ်မှန်းမသိတော့ချေ၊ ဘဝင်အာကာဟပ်လျက် "ငါ"မှတစ်ပါး အခြားမရှိတော့ပြီ၊ သတိ ပညာ အလိမ္မာကြီးကြီးဖြင့် ဆင်ခြင်လက်ခံကြကုန်ရာ၏။

It is not easy to know about the likeable and favourable ways of mundane world, gain, fame, praise and happiness because a person, possessed of one of these four attainments forgets his origins and becomes conceited, changing his normal behaviour but does not notice himself, thinking highly of himself. In fact, these likeable ways should be mindfully accepted with knowledge and shrewdness!

မကြိုက်လောကဓံကိုမူ သိသာစွာ ခံစားရ၏၊ လာဘ်မရခြင်း၊ အခြွေအရံအကျော်အစောကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်းတို့နှင့် ကြုံတွေ့ရသည့်အခါ ခြေလက် မကိုင်မိ၊ ပင်ပန်းကြီးစွာ စိတ်ထောင်းကိုယ်ကြေဖြစ်ရ၏။ မီးဖြင့် အမြိုက်ခံရသကဲ့သို့ ပူပန်ခြင်းကြီးစွာဖြင့် မအိပ်နိုင်၊ မစားနိုင် ဆင်ခြင်ဉာဏ်ကင်းမဲ့သည်အထိ မဖြစ်ရလေအောင် သတိဆောင် ရင်ဆိုင်ကြရာ၏။

The undesirable ways of mundane world, such unendurable occasions as loss, dishonour, blame and unhappiness can easily be experienced; almost all of the people are agitated and suffer much for them and become under severe stress and strain; as if they are set on flame they are grievous and worried about their present situation without a moment's rest; mindfulness should be retained in order not to lose reasoning.

ပုထုဇဉ်မှန်လျှင် လောကဓံနှင့်ကြုံတွေ့တိုင်း တုန်လှုပ်ကြ၏၊ သူတော်ကောင်း ပုထုဇဉ်များသည်ပင်လျှင် ဓမ္မသဘာဝအကြောင်းအကျိုးကို ဆင်ခြင်လျက် ရင်ဆိုင်ကြရ၏၊ ဖြစ်ပျက်ရှုမှတ်လျက် ရင်ဆိုင်ကြရ၏၊ လုံ့လပြုကြောင့်ကြစိုက်ကာ သတိပညာဖြင့် ထိန်းသိမ်းရင်ဆိုင်ကြရ၏။

Whenever average worldings-puthujjanas, confront with worldly conditions or vicissitudes of life they are mostly unstable and unbalanced; even the virtuous worldlings have to face them with intensive care and sharp knowledge, pondering on dhamma

www.dhammaransi.com



nature- the arising and vanishing of natural phenomena.

အရိယာသူတော်ကောင်းများအဖို့မှာမူ ပယ်သတ်ပြီးသော ကိလေသာအဆင့်အလိုက် လောကဓမ်ကို တုန့်ပြန်နိုင်စွမ်းအားရှိပါ၏၊ ဥပမာအားဖြင့် အနာဂါမ်အရိယာပုဂ္ဂိုလ်အဆင့်တွင် ကာမရာဂ၊ ဒေါသကိလေသာများ မရှိတော့ပြီဖြစ်သောကြောင့် တုန်လှုပ်ပူပန်ခြင်းမရှိ၊ ပကတိအေးချမ်းငြိမ်သက်တော်မူကြပါပေ၏၊ ကိလေသာမှန်သမျှကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ပယ်သတ်တော်မူပြီးဖြစ်သော ရဟန္တာအရှင်သူမြတ်ကြီးများသည်ကား တုန်လှုပ်ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းတို့အလျဉ်းမရှိတော့၊ အေးချမ်းဖြူစင်သော စိတ်အစဉ်ကြောင့် ချမ်းသာခြင်း အေးငြိမ်းခြင်းတို့ဖြင့် ပြည့်စုံလျက်ရှိတော်မူကြပါပေ၏။

As to Ariyan individuals, according to the different levels of dispelling defilements, they are able to react or response to favourable or unfavourable worldly conditions; for instnace, Ana,ga,ini*f* Ariyan individual as he has totally eradicated mental defilements concerning with feeling of sensual pleasure and agitation of anger and hatred, he is unshakable and peaceful being freed from the attack of these two defilements. Those Arahat individuals, who have completely rooted out all defilements and possessed of peaceful and calm mind, will never be attacked by any defilements and their lives are always full of peace and tranquility without worries and flurries.

သင်နှင့်ကျွန်ုပ်တို့သည် ကိုယ့်အဆင့်ကိုယ် သိကြပါ၏။

You and I, we all know by ourselves what are our levels.

အန္ဓလား…၊ ကလျာဏလား…၊ အရိယာလား….။

Blind worldlings? or Virtuous worldlings? or Ariyan individuals?

ကလျာဏပုထုဇဉ်ဆိုပါလျှင် လောကဓမ် ခုခံရင်ဆိုင်နည်းကို အထိုက်အလျောက် သိလောက်ပါသည်။

If we are virtuous worldlings, we are likely to know about how to confront with the ways of worldly conditions.

အသေမဦးမီ ဉာဏ်လက်ဦးမှုရယူလျက် "လောကဓမ်"ကို ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်အောင် ကြိုးပမ်းကြပါစို့။

Let us make an attempt to face and withstand the vicissitudes of life with intellectual care before death.

**ဦးအောင်သိန်းညွန့်**

**U Aung Thein Nyunt**


www.dhammaransi.com



# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

## ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်း ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ သို့ လှူဒါန်းသည့် အလှူငွေများလက်ခံခြင်း




သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းသည် အောက်တိုဘာ(၅)ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဓမ္မရိပ်သာ၌ အဆိုပါဓမ္မရိပ်သာပဓာန နာယကဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒသီရိက နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင် မြန်မာမှုများပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၅၀နှင့် ရှမ်းပြည်နယ်ကလောမြို့ ဓမ္မရောင်ခြည်မဟာစည် သာသနာ့ရိပ်သာအထွေထွေအသုံးပြုရန်အတွက် အလှူတော်ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အလှူငွေများကို လက်ခံရယူခဲ့ပါသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းသည် အောက်တိုဘာ(၅)ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဇီဝိတဒါနသံဃာ့ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပသည့် ဇီဝတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ နိုင်ငံတစ်ဝန်းရေဘေးသင့်ဒေသများမှ ဘုန်းတော်

စာမျက်နှာ(၆၂)သို့

www.dhammaransi.com



# သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ရေဝတီတိုင်းဒေသကြီးရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းခြင်း။



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ သင်္ကန်းပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ရန် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ဇေယျာသုခကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အင်္ဂပူမြို့စံကျောင်းတိုက် ဦးစီးပဓါနနာယက ဘဒ္ဒန္တစက္ကိန္ဒ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာအကျော် အရှင်သူမြတ် အမှူးပြုသော မြို့နယ်သံဃနာယကဆရာတော်များနှင့် ဧရာဝတီတိုင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်သံဃာတော်များ တက်ရောက်ကြပါသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြပါသည်။

www.dhammaransi.com



ယင်းနောက်တက်ရောက်လာကြသော ပရိတ်သတ်အပေါင်းက ရှမ်းတောကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပါသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှမ်းတောကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍာသီရိထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ရေကြီးရေလျှံဒဏ်ကြောင့် ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအား ပြုပြင်ရန် အလှူတော်ငွေကျပ် ၂၉၇-သိန်းအား ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဒါန်းမှု အစုစုအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဂ်ပူမြို့စံကျောင်းတိုက်ဦးစီး ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ပါသည်။ ထို့နောက် ဆရာတော်သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ယင်းနေ့တွင် လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန် ၁၀၈အိတ်၊ ဆီပိဿာ ၇၀၊ သက်န်း ၂၄၅-စုံ၊ ထီး ၁၅၂-ချောင်း၊ စတီးချိုင့်(၃)ဆင့် ၁၀၈-လုံး၊ စတီးဇွန်း ၅၄-ဒါဇင်၊ အချိုရည် ၁၀၈-ကဒ်၊ လက်နှိပ်ဓာတ်မီး ၁၅၂-လက်၊ လှူဖွယ်ပစ္စည်းခြင်း ၅-ခြင်း၊ မွေ့ယာ ၅-ထည်၊ စောင် ၅-ထည်၊ ရေသန့်ပါကင် ၁၀၀၊ ဗလာစာအုပ် ၅၄-ဒါဇင်၊ ဆေးမျိုးစုံ ၅၄-ထုပ်၊ မျက်နှာသုတ်ပုဝါ ၁၅၂-ထည်၊ မြန်မာတရုတ်လူမျိုးများ ပရဟိတကူညီမှုအသင်းမှ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ လက်ဖက်၊ ငါးသေတ္တာ၊ ပဲ၊ ဂျပ်ခုတ်စောင်၊ ခါတ်ဆားစသည်တို့ပါဝင်သည့် ပစ္စည်းစုံအိတ် ၁၀၈ အိတ်နှင့် ရွှေသံလွင်ကုမ္ပဏီမိသားစုမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀အပါအဝင် စုစုပေါင်းလှူဒါန်းမှုတန်ဖိုးငွေကျပ် ၄၄၄သိန်း ၁သောင်းဖြစ်ကြောင်း သိရှိရပါသည်။

www.dhammaransi.com



## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(အောက်မြန်မာနိုင်ငံ) ညီလာခံကျင်းပပွဲသို့ သာသနာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်တက်ရောက်ခြင်း



ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)က ကြီးမှူးကျင်းပသော ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (အောက်မြန်မာနိုင်ငံ)ညီလာခံကို အောက်တိုဘာ (၁၇)ရက် နံနက် ၉ နာရီက ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ် YMCA အဆောက်အဦးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ မီတင်းနေထိုင်လျက်ရှိကြပြီး ဥပဒေအရဘာသာကြီး(၄)ရပ်ကို ကိုးကွယ်ယုံကြည်ခွင့်ပြုထားပါကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အဆင့်ဆင့်သည် ဘာသာမရွေးအေးချမ်းသာယာစွာဖြင့် ဥမကွဲ သိုက်မပျက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် လက်တွဲဆောင်ရွက်ကြပါရန် ပြောကြားခဲ့ပါသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က ညီလာခံ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့(မြန်မာနိုင်ငံ) နာယကဒေါက်တာလှမောင်က ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)နောက်ခံသမိုင်းကြောင်းနှင့် အဖွဲ့၏ စွမ်းဆောင်ရည်များနှင့် စပ်လျဉ်း၍လည်း ကောင်း၊ ဥက္ကဋ္ဌဦးစိန်ဝင်းအောင်က အဖွဲ့၏လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင် ရွက်မည့် လုပ်ငန်းစဉ်များအားလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြ သူများက စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကြပါသည်။

www.dhammaransi.com



အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့မှအဖွဲ့ဥက္ကဋ္ဌများက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့တိုးချဲ့ဖွဲ့စည်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များကိုဖတ်ကြားတင်ပြကြ ပါသည်။

တတိယပိုင်းတွင် ဘာသာအလိုက်ကိုယ်စားလှယ်များက အမုန်းစကားနှင့်အမုန်းပွား မည့်ကိစ္စများ ရှောင်ရှားရေးစာတမ်းနှင့်မတူ ကွဲပြားခြင်းနှင့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး စာတမ်းတို့ကိုဖတ်ကြားပြီး ညီလာခံ၏ဆုံးဖြတ်ချက်များကို အတည်ပြုကြေငြာခဲ့ပါသည်။

စာမျက်နှာ(၅၈)မှအဆက်

ကြီးကျောင်းနှင့်သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်နှင့် အလှူတော်ငွေပေးအပ် လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ရှေးဦးစွာ ဇီဝိကဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်အား လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြား ပြီး အလှူပစ္စည်းနှင့် အလှူငွေများကို ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။

ယင်းနောက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ အနယ်နယ်အရပ်ရပ်ရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်အိတ် ၅၀ နှင့် ငွေကျပ်သိန်း ၁၀၀ကို သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးအပ်လှူဒါန်းခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံနှင့်တစ်ဝန်းရေဘေးသင့် ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ အတွက် ဆွမ်းဆန်တော်၊ သင်္ကန်း၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူတော် ငွေကျပ်သိန်း ၃၁၂၀ လှူဒါန်းပြီးဖြစ်ကြောင်း သိတင်းရရှိပါသည်။

www.dhammaransi.com



# သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

**No** **Name of Book**

၁. ဗုဒ္ဓဘာသာကောင်းတစ်ယောက်
၂. သဒ္ဓမ္မဇောတိကပဋ္ဌာန်း
၃. သဒ္ဓမ္မဇောတိက အဘိဓမ္မာ
၄. သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ်
၅. ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ
၆. ကပ္ပိယကောင်းတစ်ယောက်
၇. အလှူဒါနအမျိုးမျိုး
၈. သီလ(သို့) ကိုယ်ကျင့်တရား
၉. ဂုဏ်တော်(မြန်မာ)
၁၀. အမရပူရ
၁၁. သာသနာပြုအခြေခံကိုယ်ကျင့်တရား
၁၂. ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော်
၁၃. ဘဝတန်ဖိုးမြှင့်သြဝါဒကထာ
၁၄. အလိမ္မာပျိုးခင်း
၁၅. အမျိုးသားယဉ်ကျေးမှု
၁၆. ပေစာကျမ်းလာ မြန်မာ့ဆေးပညာ
၁၇. သပ္ပုရိသဝတ်ရွတ်စဉ်
၁၈. ဗုဒ္ဓနှင့် ဖြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု
၁၉. ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း

www.dhammaransi.com



သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော
မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| 1. | How to Live As a Good Buddhist Vol.I |
| 2. | How to Live As a Good Buddhist Vol.II |
| 3. | Teaching of the Buddha(Higher Vol.I) |
| 4. | Teaching of the Buddha (Higher Vol.II) |
| 5. | Ekaka Duka |
| 6. | Dhammapada (Thick) |
| 7. | Dhammapada (Thin) |
| 8. | Intro Dhammasaṅgaṇī |
| 9. | Dhammasaṅgaṇī |
| 10. | Mahāsatipaṭṭhāna |
| 11. | Mahāvagga saṁyutta |
| 12. | Uparipaṇṇāsa |
| 13. | Nidāna Saṁyutta |
| 14. | Khandhvagga Saṁyutta |
| 15. | The Nine Attributes of the Buddha |
| 16. | ပိဋကတ်သုံးပုံ CD ရွှန် |
| 17. | Buddhism Hand Book |
| 18. | Pārājika Pāḷi |
| 19. | Mūlapaṇṇāsa |
| 20. | Basic Principle |

www.dhammaransi.com

ACA

ပညာရိပ်မြိုင်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်-ကက-၁၃/၁၂/၀၀၉

http://www.aca-educentre.com




မြေအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ၈/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့ မြောက်ဥက္ကလာပမြို့။
Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477